# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၆)ရက် ၊ ကြာသပတေးနေ့ ၊ (17-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး



ဒုတိယသမ္မတ ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နန်နင်း စက်တင်ဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

**ရတနာပုံ ယနေ့ဖတ်စရာ**

**ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်**

ဆောင်းပါး စာမျက်နှာ - ၁၉

**သက်ရှည်ကျန်းမာဖို့ ဆီစားသုံးမှု လျှော့ကြစို့**

ဆောင်းပါး စာမျက်နှာ - ၂၉

**တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ**

စာမျက်နှာ - ၁၈

## အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေးမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရေးရှုလျက် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံကူးလက်မှတ်အမှတ် ၅၆၅၄၄၈၄၄၉ ကိုင်ဆောင်သူ

**စာမျက်နှာ ၂၁ ကော်လံ ၄**

## ယင်းတလဲ (ပြန်တလိုင်) လူမျိုးစုတို့၏ ရိုးရာ ဒီးကူပွဲတော် ခေါ် ကောက်ညှင်းထုပ်ပွဲတော် ကျင်းပ



**ဘောလခဲ စက်တင်ဘာ ၁၆**

တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလေ့ရှိသည့် ကယားအနွယ်ဝင် ယင်းတလဲ (ပြန်တလိုင်) လူမျိုးစုတို့၏ရိုးရာ ဒီးကူပွဲတော် ခေါ် ကောက်ညှင်းထုပ်ပွဲတော်ကို

**စာမျက်နှာ ၂၁ ကော်လံ ၄**

## ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့်

**စာမျက်နှာ ၁၇ ကော်လံ ၁**



နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုကြိုဆို

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာတွင် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတော်နှင့် တပ်မတော်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နားလည်သဘောပေါက်သော PDF အမည်ခံအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်ထိ နေပြည်တော်တိုင်းစစ်ဌာနချုပ်အပါအဝင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသီးသီးတို့မှ အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦးတို့သည် လက်နက်မျိုးစုံ ၆၉၂ လက်နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ ၎င်းတို့ကိုယ်တိုင်ဖန်တီးခဲ့သော နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ ယုတ်မာစွာဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ သွေးဆောင်စည်းရုံးမှု၊ ငွေကြေးဆိုင်ရာ မက်လုံးပေးမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့ထံ ဝင်ရောက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြခြင်းဖြစ်သည်။

ထို့ပြင် ၎င်းအဖွဲ့အတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် ၎င်းကြောင့်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ကြရန်နှင့် ထိုသို့ ဆက်သွယ်သတင်းပို့လာပါက ကြိုဆိုလက်ခံလျက်ရှိပါကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမရပူရ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရွှေပေါက်ပင်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၀၉၂ သန်းဖြင့် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၁၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၁၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၂၀၁၇ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ နှမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နှမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရှဉ့် ပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဒေသတွေကို တင်ပို့ရောင်းချပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ မှ ၂၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ကျောက်ပန်းတောင်းမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတန်းရှည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။

**သော်ဇင်ထူး**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါနေကြာ စိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာ ဧက ၂၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေး သွားပါမယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့် နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပြင်ဦးလွင်မြို့နယ် ကျားတွင်းရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင် ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိုက်တောကျေးရွာအုပ်စု ကျားတွင်းရေကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ကေသွယ်မျိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျားတွင်းရေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို ရန်ပုံငွေကျပ် ၅၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# တံတားဦးမြို့နယ် အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးတံတားဦး ခရိုင် တံတားဦးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ရှစ်သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၉ ဒသမ ၆သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၂သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ် မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လ အတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ဆန်စပါးအပါအဝင် လယ်ယာ ထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချ လျက်ရှိရာ ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ကျိုက်လတ် မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်က လယ်ယာထွက် ကုန်တွေနဲ့ ဒေသထွက်ကုန်တွေ ရန်ကုန် ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရက် ၉၀ ဆန်ကို ရန်ကုန် ဈေးကွက်က အဝယ်လိုက်နေတာဖြစ်ပါတယ်။ အခုလထဲမှာလဲ ရန်ကုန်ဈေးကွက်က ရက် ၉၀ ဆန်တွေကို အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ အရောင်းအဝယ်ကောင်း လာသည့်အတွက် တောင်သူများ၊ ပွဲရုံ ပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သား များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

**ယခင်တစ်ပတ်မှအဆက်**

**နန်းမြို့တော်ဝင်းရိုးတံခါးလေးရပ်**

အတွင်းဘက်အကျဆုံး နန်းမြို့တော်လေးမျက်နှာတွင် တံခါးလေးခုရှိသည်။ ထိုတံခါးလေးခုကို ဝင်းရိုးတံခါးလေးရပ်ဟူ၍ ခေါ်ကြသည်။ နန်းတော်တည့်တည့် ရှေ့မျက်နှာ၌ရှိသော တံခါးကို အရှေ့ဝင်းတံခါးဟု ခေါ်သည်။ ထိုတံခါးကို ရွှေတော်ယူတံခါးဟူ၍လည်း ခေါ်ကြသည်။ လက်ဝဲဘက်တံခါးကို လက်ဝဲဝင်းတံခါး၊ လက်ယာဘက်တံခါးကို လက်ယာဝင်းတံခါး၊ အနောက်တံခါးကို အနောက်ဝင်းတံခါးဟု ခေါ်ကြသည်။ ဝင်းရိုးတံခါးလေးရပ်အထွက်တွင် ဝင်းရိုးလေးရိုးရှိသည်။ ဝင်းရိုးတို့မှာ နန်းမြို့တော် အုတ်မြို့ရိုး၏ အပြင်ဘက် မလှမ်းမကမ်းတွင် သစ်တပ်မြို့ရိုးဟူ၍ ရှိပြီး နန်းမြို့တော်မြို့ရိုးနှင့် သစ်တပ်မြို့ရိုးကြားတွင် ရှိကြသည်။ ဝင်းရိုးများမှာ ရှေ့ရိုး၊ တရားရိုးများနှင့် အလားတူပင် တူညီကြသော်လည်း ထိုရိုးတို့လောက်မကြီးပေ။ ဝင်းရိုးလေးရပ်တွင် ဝင်းမှူးလေးဦးခန့်ထားသည်။ ဝင်းမှူးဟူသော ရာထူးကို တော်ရုံတန်ရုံ အရည်အချင်းရှိသူကို ပေးလေ့မရှိပေ။ လက်ရုံးရည်၊ နှလုံးရည်ဖြင့် ထူးချွန်ပြည့်စုံသူ၊ ကျေးဇူးသစ္စာကို သိတတ်သူ၊ ယုံကြည်ရသူများကိုသာ ရွေးချယ်ခန့်ထားသည်။ နန်းမြို့တော် ဝင်းရိုးတံခါးလေးရပ်တွင် ဝင်းမှူးလေးဦး ထားရခြင်းအကြောင်းမှာ သိကြားစံရာ တာဝတိံသာတွင် အရှေ့မျက်နှာ၌ ဓတရဋ္ဌ၊ တောင်မျက်နှာ၌ ဝိရူဠှက၊ အနောက်မျက်နှာ၌ ဝိရူပက္ခ၊ မြောက်မျက်နှာ၌ ကုဝေရနတ် စသည့်နတ်မင်းလေးပါးထားသည်ကို အကြောင်းပြု၍ ဝင်းမှူးလေးဦးထားခြင်းဖြစ်သည်။ ထို့အတူ ဝင်းရိုးလေးရပ်တွင်လည်း မြင်းမိုရ်တောင်တွင် အရောင်လေးမျိုးရှိသည်ကို အစွဲပြုပြီး အရှေ့ဝင်းရိုးတွင် အဖြူရောင်အလံ၊ တောင်ဝင်းရိုးတွင် အစိမ်းရောင်အလံ၊ အနောက်ဝင်းရိုးတွင် အချိပ်ရောင်အလံ၊ မြောက်ဝင်းရိုးတွင် အဝါရောင်အလံဟူ၍ ခွဲခြားထားသည်။ ဝင်းမှူးတို့ကိုင်သောဓားမှာလည်း အလျား၊ အနံ၊ ပုံစံအားလုံး တူညီသော်လည်း ဓားရိုးနှင့် ဓားအိမ်အဆင်တန်ဆာမှာ ကွာခြားမှုရှိသည်။ အရှေ့ဝင်းမှူးဓားမှာ မှန်ကူကွက်ပုံစံဖြစ်ပြီး လက်ယာဝင်းမှူးမှာ ခိုနန်း၊ အနောက်ဝင်းမှူးမှာ စက်ဝန်း၊ လက်ဝဲဝင်းမှူးမှာ ပုံနန်းပုံစံပြုလုပ်ရသည်။ ထို့ကြောင့် အရှေ့လင်္ကာတစ်ပုဒ်၌ "အရှေ့မှန်ကူ၊ ဇမ္ဗူမျက်မြွာ၊ လက်ယာခိုနန်း၊ နောက်စက်ဝန်းနှင့်၊ ပုံနန်းလက်ဝဲ ရဲရဲလျှံပတ်၊ အမှတ်ရှေးလျောက်၊ စဉ်မဖောက်သည်၊ လေးယောက်ဝင်းမှူး ဆောင်ထားတည်း"ဟူ၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဝင်းရိုးတံခါးလေးရပ်တွင် အရှေ့ဝင်းတံခါးနှင့် အနောက်ဝင်းတံခါးမှာ နန်းမြို့တော်မြို့ရိုးအလယ်တည့်တည့် ရှေ့နောက်တန်း၍ ရှိနေကြသော်လည်း လက်ယာဝင်းတံခါးနှင့် လက်ဝဲဝင်းတံခါးမှာ နန်းမြို့တော်မြို့ရိုးအလယ်တည့်တည့်၊ တောင်မြောက်တန်း၍ ရှိနေသည်မဟုတ်ဘဲ မြို့ရိုးအရှေ့ပိုင်းသို့ရောက်ကာ ရွှေတော်ယူမြို့ရိုးနှင့် တံခါးနီမြို့ရိုးနယ်နိမိတ်အတွင်း၌သာ တောင်မြောက်တန်း၍ ရှိနေသည်။

**တံခါးနီတံခါး**

နန်းမြို့တော် အရှေ့မျက်နှာရွှေတော်ယူတံခါးခေါ် အရှေ့ဝင်းတံခါးမှ အနောက်သို့ တည့်တည့်သွားလျှင် တောင်မြောက်တန်းနေသော မြို့ရိုးအကန့်တစ်ခုကိုတွေ့ရမည်ဖြစ်သည်။ ထိုမြို့ရိုးသည် တံခါးနီမြို့ရိုးဖြစ်သည်။ တံခါးအမည်မှာလည်း တံခါးနီတံခါးဟု ခေါ်သည်။ တံခါးနီတံခါး၏ အနောက်တည့်တည့်တွင် ရွှေနန်းတော်ကြီး မြေနန်းပြာသာဒ်တော်၏ အရှေ့ဘက်လှေကားတည့်တည့်ပင် ဖြစ်သည်။ စာဖတ်သူများ မျက်စိထဲပေါ်အောင် ရေးပြရလျှင် မြေနန်းတော်ကြီးရှေ့ဘက် လှေကားအဆင်းတည့်တည့်တွင် တံခါးနီတံခါးရှိသည်။ တံခါးနီတံခါးမှ အရှေ့သို့ တည့်တည့်သွားလျှင် ရွှေတော်ယူတံခါးသို့ ရောက်မည်ဖြစ်သည်။ ရွှေတော်ယူတံခါးအထွက်မှ ရှေ့တည့်တည့်သို့ ဆက်သွားလျှင် အမရပူရရွှေမြို့တော်ကြီး အရှေ့မျက်နှာရှိ ဦးနှိမ်တံခါးသို့ ရောက်မည်ဖြစ်သည်။ မြေနန်းပြာသာဒ် လှေကားဦး၊ တံခါးနီတံခါး၊ ရွှေတော်ယူတံခါး၊ ဦးနှိမ်တံခါးတို့သည် ရှေ့နောက်တန်း လျက်တည်ရှိနေကြသည်။

လက်ဝဲနော်ရထာအမတ်ကြီး ပြုစုသော ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း၌ မြေနန်းပြာသာဒ်လှေကားမှ ရွှေတော်ယူတံခါးထိ တာအကွာအဝေးကို "မြေနန်းရှေ့လှေကားကသည် အရှေ့ကို တံခါးနီကုန် ၁၈ တာ၊ ထိုကသည် ရွှေတော်ယူတံခါးရွက်ထိ ၂၄ တာ"ဟူ၍ ဖော်ပြထားသည်။ ရှေးပေမူတစ်ဆူတွင်လည်း ရွှေတော်ယူတံခါးနှင့် တံခါးနီတံခါးအကွာအဝေးကို ဤသို့ ဖော်ပြထားသည်။

| | |
|---|---|
| ရွှေတော်ယူတံခါးနှင့် တံခါးနီ ပြင်ထပ်တံခါး | ၂ ၉ါ |
| တံခါးနီပြင်ထပ်နှင့် အတွင်းထပ် အကြား | ၄ါ ၆င် |
| | ၃ ၃ါ ၆င် |

တိတိကျကျတွေ့ရသော ရှေးပေမူအမှတ်အသားများဖြစ်သည်။ ဤနေရာတွင် တံခါးနီပြင်ထပ်တံခါးဆိုသည်ကို အနည်းငယ်ရှင်းပြချင်ပါသည်။ တံခါးနီတံခါးမှ အပြင်ဘက်သို့ တိုက်ရိုက်ထွက်၍မရပေ။ တံခါးနီအပြင်ဘက်တွင် တံခါးဝန်းကျင်ကို သီးသန့်ကာကွယ်ထားသည့် လေးထောင့်ပုံမြို့ရိုးတစ်ထပ်ရှိသေးသည်။ ထို့သို့သီးသန့်လုပ်ထားသော လေးထောင့်ပုံမြို့ရိုးကို တံခါးနီပြင်ထပ်မြို့ရိုးဟု ခေါ်သည်။ ထိုပြင်ထပ်မြို့ရိုးပြီးမှ တံခါးနီမြို့ရိုး အတွင်းထပ်သို့ ရောက်မည်ဖြစ်သည်။ ထိုတံခါးနီ ပြင်ထပ်မြို့ရိုးနှင့် တံခါးနီအတွင်းထပ်မြို့ရိုးမှာ ၄ါ ၆င် (လေးတာနှင့် ခြောက်တောင်)ကွာဝေးသည်။ ထို့ကြောင့် ပေမူ၌ တံခါးနီပြင်ထပ်မြို့ရိုးဟု သီးသန့်သုံးထားခြင်းဖြစ်သည်။ ယခုအခါ တံခါးနီပြင်ထပ် မြို့ရိုးကို စွယ်ရန်းဟု အချို့က ခေါ်နေကြသည်မှာ မမှန်ပါ။ ရှေးပေမူအရ တံခါးနီပြင်ထပ်မြို့ရိုးနှင့် ပြင် ထပ်တံခါးသာဖြစ်သည်။ ညောင်ရမ်းခေတ်က တံခါးနီအပြင်ထပ်နှင့် အတွင်းထပ်ကို ရှေ့တံခါးနီ၊ နောက်တံခါးနီဟူ၍ ခွဲခြားခေါ်ကြောင်း အမိန့်တော်တစ်ခု၌ တွေ့ရသည်။

တံခါးနီတံခါး၏အမည်ကို မြို့တည်စာတမ်းများ၊ အမိန့်တော်များ၊ ရာဇဝင်ကြီးများနှင့် ရွှေနန်းသုံးဝေါဟာရ အဘိဓာန်ကျမ်းတို့တွင် တွေ့ရသော်လည်း အဘယ်ကြောင့် တံခါးနီတံခါးဟု ခေါ်ကြောင်းကား မတွေ့ရပေ။ တချို့ကလည်း မေးကြသည်။ "တံခါးနီ တံခါးလို့ ဘာလို့ခေါ်တာလဲ"ဟု မေးကြသည်။ ထိုအဖြေအတွက် ကျမ်းအသီးသီးကို ကြည့်သော်လည်း တံခါးနီတံခါးဟုခေါ်ရခြင်းအကြောင်းကို ဟသ်ပဒါး အနီရောင်သုတ်လိမ်းထားသောကြောင့် ခေါ်ကြသည်ထင်ပါသည်။ ရေးပုရပိုက် ပန်းချီများတွင် ဟသ်ပဒါးသုတ်လိမ်းထားသော အနီရောင်တံခါးရွက်ကို မြင်ဖူးပါသည်။ တံခါးရွက် အနီရောင်ဖြစ်သည်ကို အစွဲပြုပြီး တံခါးနီတံခါးဟု ခေါ်ကြခြင်းဖြစ်မည်ဟု ယူဆရပါသည်။

❖ နန်းမြို့တော်ကြီး၏ အလယ်ဗဟိုတွင် လွန်စွာခမ်းနားလှသော ရွှေနန်းတော်ကြီးရှိသည်။ ရွှေနန်းတော်ကြီးသည် မြို့တည်နန်းတည် ခုနစ်ဌာနတွင် အပါအဝင်ဖြစ်သောနန်းတော်ကြီးဖြစ်သည်။ အမရပူရမြို့တည်နန်းတည်စာတမ်း ဒုတိယတွဲပေမူတွင် အမရပူရနန်းတော် အဆောင်များဆောက်လုပ်ပုံကို အသေးစိတ်ပြဆိုထားသည်။ ဆောက်လုပ်သည့် နေ့၊ ရက်၊ ဆောက်လုပ်သည့် လူအင်အား၊ အသုံးပြုသည့် သစ်၊ ဝါး၊ အရေအတွက်၊ နန်းအဆောင်ဆောင်တို့၏ အတိုင်းအထွာစနစ်များကို အသေးစိတ်ပြဆိုထားသည်။ အမရပူရမြို့တည်နန်းတည်စာတမ်း ဒုတိယတွဲပေမူမှ ထုတ်နုတ်၍ အမရပူရနန်းတော်နှင့်ဆိုင်သော မှတ်တမ်းများကို ကောက်နုတ်ပြပါဦးမည်။ ❖

နန်းမြို့တော် အလုံးစုံပြီးပြေသောအခါတွင် နန်းမြို့တော်အမည်ကို ကျွန်းလုံးအောင်မြေဟု ကမ္ပည်းတင်ခဲ့သည်။ နန်းမြို့တော်အမည်ကို "ကျွန်းလုံးအောင်မြေအမည်ရှိသော ရွှေနန်းတော်မြို့"ဟူသော အက္ခရာ ၁၂ လုံးပါ အမည်ကို စာသုံးကြောင်းဖြင့် သတ်စုံရေး၍ ကမ္ပည်းတိုင်စိုက်ထူရသည်။

**သစ်တပ်**

သစ်တပ်မြို့ရိုးသည် နန်းမြို့တော်မြို့ရိုး၏ အပြင်ဘက်တွင် တည်ရှိသည်။ နန်းမြို့တော်မြို့ရိုးကို လေးဖက်လေးတန် ကာရံထားသော သစ်တပ်မြို့ရိုးဖြစ်သည်။ နန်းမြို့တော်မြို့ရိုးနှင့် သစ်တပ်မြို့ရိုးမှာ ခြောက်တာကွာဝေးသည်။ သစ်တပ်မြို့ရိုးဆိုသည်မှာ သစ်လုံးများကို အဖျားချွန်ပြီး တစ်လုံးနှင့်တစ်လုံး ရက်ဖောက်လျှိုကာ ပူးကပ်စိုက်ထူထားသည်။ ၎င်းကို သစ်တပ်မြို့ရိုးဟုခေါ်သည်။ အမရပူရမြို့၌ သစ်တပ်မြို့ရိုးရှိကြောင်း ရှေးမှတ်တမ်းများ၌ တွေ့ရသော်လည်း ကာရံထားသည့် သစ်လုံးအရွယ်အစားကို မတွေ့ရပါ။ ရတနာပုံခေတ် မန္တလေးနန်းတော်ကြီးတွင် ဆောက်လုပ်ခဲ့သော သစ်တပ်မြို့ရိုးမှ သစ်လုံးအရွယ်အစားသည် အချင်းတစ်ထွာကျော်၊ လုံးပတ်တစ်တောင့်ထွာကျော်ရှိသော သစ်လုံးများဟု ရွှေကိုင်းသားက ဆိုထားသည်။ အမရပူရမြို့ရှိ သစ်တပ်သည်လည်း ထိုအရွယ်အစားအတိုင်းပင် သုံးမည်ဟု ယူဆရပါသည်။

**ရွှေနန်းတော်**

နန်းမြို့တော်ကြီး၏ အလယ်ဗဟိုတွင် လွန်စွာခမ်းနားလှသော ရွှေနန်းတော်ကြီးရှိသည်။ ရွှေနန်းတော်ကြီးသည် မြို့တည်နန်းတည်ခုနစ်ဌာနတွင် အပါအဝင်ဖြစ်သော နန်းတော်ကြီးဖြစ်သည်။ အမရပူရမြို့တည်နန်းတည် စာတမ်းဒုတိယတွဲပေမူတွင် အမရပူရနန်းတော်အဆောင်များ ဆောက်လုပ်ပုံကို အသေးစိတ်ပြဆိုထားသည်။ ဆောက်လုပ်သည့် နေ့၊ ရက်၊ ဆောက်လုပ်သည့် လူအင်အား၊ အသုံးပြုသည့် သစ်၊ ဝါး၊ အရေ အတွက်၊ နန်းအဆောင် ဆောင်တို့၏ အတိုင်းအထွာစနစ်များကို အသေးစိတ် ပြဆိုထားသည်။ အမရပူရမြို့တည်နန်းတည်စာတမ်း ဒုတိယတွဲပေမူမှ ထုတ်နုတ်၍ အမရပူရနန်းတော်နှင့်ဆိုင်သောမှတ်တမ်းများကို ကောက်နုတ်ပြပါဦးမည်။

| | | |
|---|---|---|
| နန်းဆောင်ပေါင်း | = | ၅၂ ဆောင် |
| ကွန်းသစ် ၈ ပ် | = | ၃၃၆ လုံး |
| သည်မသစ် | = | ၁၉၆ လုံး |
| သည်ထွေးသစ် | = | ၇၇၆ လုံး |
| စမြင်သစ် | = | ၃၄ လုံး |
| အတွင်းထောက်သစ် | = | ၃၀၅ လုံး |
| ပြင်ထောက်သစ် | = | ၃၄၁ လုံး |
| လက်ရန်းသစ် | = | ၈၀၂ လုံး |
| ခွေးတက်သစ် | = | ၉ လုံး |
| ပေါင်း | = | ၂၇၉၉ လုံး |

အထက်ပါစာရင်းမှာ အမရပူရမြို့တည်နန်းတည်စာတမ်း ဒုတိယတွဲပေမူအရဖြစ်သည်။ အမရပူရနန်းတော်တွင် အဆောင်ပေါင်း ၅၂ ဆောင်ရှိပြီး နန်းတော်အဆောင်ဆောင် ဆောက်လုပ်ရာတွင် သစ်လုံးပေါင်း ၂၇၉၉ လုံး ကုန်ကျခဲ့သည်။ နန်းတော်အဆောင်ပေါင်းကို မြို့တည်စာတမ်း ဒုတိယတွဲပေမူ၌ ၅၂ ဆောင်ဟုဖော်ပြထားသော်လည်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ၅၅ ဆောင်ဟုဖော်ပြထားသည်။ ဒေါက်တာတိုးလှ၏ "ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့်"ဟူသော စာအုပ်တွင် အဆောင်ပေါင်း ၅၁ ဆောင်ဟုပြဆိုထားသည်။ အမှတ်အသားကွဲလွဲမှုရှိသည်။ သို့သော်လည်း အမရပူရမြို့တည်နန်းတည်စာတမ်း ဒုတိယတွဲပေမူသည် နန်းတော်အဆောင်ဆောင် ဆောက်လုပ်ပုံကို အသေးစိတ်ပြဆိုထားသော ကျမ်းဖြစ်သဖြင့် အမရပူရမြို့တည်နန်းတည်စာတမ်းဒုတိယတွဲ ပေမူအတိုင်း အဆောင်ပေါင်း ၅၂ ဆောင်ဟု မှတ်သားသင့်ပါသည်။

ဘိုးတော်ဗဒုံမင်းတည်ဆောက်ခဲ့သော အမရပူရ မြေနန်းပြာသာဒ်တော်ကြီးသည် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကြီးဖြစ်ပြီး အမြင့်သံတောင် ၁၁၇ တောင်ရှိသည်။ ရွှေနန်းတော်ကြီးကို အမိုးမိုးရာတွင် အခြားသောအဆောင်များကို မြေအုတ်ကြွပ်မိုးရသော်လည်း ရွှေနန်းတော်ကြီး ပြာသာဒ်တော်ဆောင်၊ မြေနန်း စမုတ်ဝဲယာဆောင်၊ မှန်စီနန်းတော်၊ တောင်နန်းတော်၊ တောင်ဆောင်တော်၊ မြောက်နန်းတော်၊ အလယ်နန်းတော်၊ နောက်ဇေတဝန်ဆောင်၊ ရှေ့ဇေတဝန်ဆောင်၊ ဖြတိုက်ဆောင်များကို ခဲမဖြူအုတ်ကြွပ်မိုးရသည်။ အမရပူရရွှေနန်းတော်ကြီး တည်ဆောက်ရာတွင်

| | |
|---|---|
| လက်သမား | = ၅၉၉ ဦး |
| ကံကျွေးလူ | = ၄၅၅ ဦး |
| ပန်းပုသမား | = ၁၉၀ ဦး |
| သစ်စေးသုတ်လူ | = ၁၇၀ ဦး |

ပါဝင်လုပ်ကိုင်ခဲ့ရကြောင်း သိရသည်။ အမရပူရနန်းတော်ကြီး အလုံးစုံပြီးပြေသောအခါတွင် ရွှေနန်းတော်ကြီးအမည်ကို အောင်နန်းစံရာဟု အမည်ပေး ကမ္ပည်းတင်ခဲ့ကြောင်းကို "ရွှေနန်းတော် ကမ္ပည်းမှာလည်း ပျဉ်အလျား ၁ တောင်၊ အနံ ၂ မိုက် စတာ အိမ် ၂ ဘက် အညွန့်အလယ်တွင် အောင်နန်းစံရာဟူသော အက္ခရာ ၄ လုံးကို ပြည်အညွန့်သို့ လိုက်၍ ဆောက်ထုအက္ခရာရေးရသည်"ဟူ၍ ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း၌ ဖော်ပြထားသည်။

## ပိုလ်ရှိတ်(ရတနာပူရ)

ဆက်လက်ဖော်ပြပါမည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

## ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၂၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၂၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၅၃၇ ဧက၊ အင်းတော်မြို့နယ်တွင် ၄၃၉ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၂၉ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၅၁၇ ဧက စုစုပေါင်း ၂၀၂၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲတီစိမ်း ၂၀၂၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည်တို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## ပဲခူးမြို့နယ် တာဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ကို ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် တာဆုံကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ရှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**သန္တာ**

## တတိယ မျက်လုံး

- ဘယ်ဆီဘယ်ဝယ် အပြင်ကျယ်သည့်
ပင်လယ်မနီး သဘော်စီးသူ
ခရီးသည်ငါ အတွေးမှာ။

- ကောင်းကင်မျှော်ကြည့် နေမရှိချိန်
မသိတောင် မြောက် အရှေ့နောက်။

- သဘော်တူရှု မျက်နှာမူရာ
လမ်းဟူ၍လျှင် ငါမမြင်။

- မျက်စိတစ်ဆုံး အားကိုးသုံးလည်း
ကုန်းမြေဟူ၍ ငါမတွေ့။

- လမ်းကိုမျှော်ဆ မသိမှတော့
ကမ်းကာဘယ်ရှိ ပဟေဠိ။

- ခရီးသည်ငါ အခါခါပင်
သာမန်မျက်စိ ပကတိဖြင့်
ကြည့်မြင်စူးစမ်း ချိန်ကုန်ပန်း တိုင်
ကမ်း လမ်းဘယ်မှာ မမြင်သာလည်း
အံ့ရာအထူး မာလိန်မှူးလျှင်
တင်ကူးကြို၍ လမ်းကိုတွေ့လျက်
မကွေ့လျှင်လျှင် ဆိပ်သို့ဝင်သည်
အသင်ဘယ်သို့ ကြည့်သနည်း။ ။

**ချစ်စုအောင်**

## သာစည်မြို့နယ် ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းစောက်ရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဉာဏ်ရည်တုနှင့် အာကာသလုံခြုံရေးတိုးမြှင့်ရန် တရုတ်ကာကွယ်ရေးဝန်ကြီး တိုက်တွန်း




**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပနေသည့် ရှန်ရှန်ဖိုရမ် (Xiangshan Forum) ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးက မိန့်ခွန်း ပြောကြားရာ၌ ဉာဏ်ရည်တုနှင့် အာကာသ နည်းပညာစသည့် နယ်ပယ်သစ်များတွင် လုံခြုံရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် ဆွေးနွေးညှိနှိုင်းမှုများကိုပိုမို တိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်တွန်းချက်သည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကြား ထိပ်သီးခေါင်းဆောင်များ မတွေ့ဆုံမီ နှစ်နိုင်ငံကြား မဟာ ဗျူဟာမြောက် ပြိုင်ဆိုင်မှုများ မြင့်တက်နေချိန်တွင် ထွက်ပေါ် လာခြင်းဖြစ်ပြီး ကမ္ဘာ့အင်အား ကြီးနှစ်နိုင်ငံ၏ နည်းပညာနှင့် လုံခြုံရေးဆိုင်ရာ အားပြိုင်မှုများကို ထင်ဟပ်စေခဲ့သည်။

တရုတ်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏လုံခြုံ ရေးအတွက် အခြားနိုင်ငံများ၏ လုံခြုံရေးကို အားနည်းစေရန် သို့မဟုတ် မလုံခြုံမှုကို ပိုမိုဆိုးရွား စေရန် လုပ်ဆောင်ခြင်းမရှိဘဲ အပြန်အလှန်လေးစားသည့် မူဝါဒ ဖြင့်သာ တည်ဆောက်ရမည်ဖြစ် ကြောင်း အလေးထားပြောကြား ခဲ့သည်။

အဆိုပါဖိုရမ်သို့ စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီး အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြပြီး အာရှ-ပစိဖိတ်ဒေသတွင်း နှင့် ကမ္ဘာ့လုံခြုံရေးဆိုင်ရာ စိန်ခေါ် မှုများကို အဓိကထား ဆွေးနွေးခဲ့ ကြောင်းသိရသည်။

Ref : Xinhua

Trs : YZA

# အီဂျစ်နှင့် ပါလက်စတိုင်း သမ္မတနှစ်ဦး ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေး

**ကိုင်ရို စက်တင်ဘာ ၁၆**

အီဂျစ်နှင့် ပါလက်စတိုင်းနိုင်ငံတို့၏ သမ္မတနှစ်ဦးသည် ပါလက်စတိုင်းဒေသများနှင့် ဒေသတွင်း ဖြစ်ပေါ်နေသောအခြေအနေများအပေါ် အဆင့်အမျိုးမျိုးဖြင့် နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




အဆိုပါ ဆွေးနွေးပွဲအတွင်း နှစ်ဖက် ခေါင်းဆောင်များသည် ဂါဇာကမ်းမြောင်ဒေသ၏ လက်ရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရေရှည်တည်တံ့ခိုင်မာစေရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေး ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် သံတမန်ရေးရာ ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုအားဖြည့်ရန် လိုအပ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက အလေးပေးပြောကြားခဲ့သည်။

လက်ရှိဖြစ်ပွားနေသော စစ်ရေးပဋိပက္ခဒဏ်များကို ခံစားနေရသည့် ဒေသခံပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းကာ အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

# ဆော်ဒီအာရေဗျနိုင်ငံ ရေနံပိုက်လိုင်းတိုက်ခိုက်ခံရမှုကြောင့် စက်တင်ဘာလအတွင်း ရေနံတင်ပို့မှုအချို့ ဖျက်သိမ်း

**ရီယာ့ဒ် စက်တင်ဘာ ၁၆**

ဆော်ဒီအာရေဗျ နိုင်ငံ၏ အရှေ့-အနောက် သဲကန္တာရရေနံပိုက်လိုင်း တိုက်ခိုက်ခံရပြီးနောက် စက်တင်ဘာလအတွင်း တင်ပို့ရန်ရှိသည့် ရေနံတင်သင်္ဘောများဖြင့် တင်ပို့မည့် ခရီးစဉ်အချို့ကို ဖျက်သိမ်းခဲ့ကြောင်း ရေနံကုန်သွယ်ရေးနှင့် သင်္ဘောတင်ပို့မှုသတင်းရင်းမြစ်များက အတည်ပြုပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၏ အဓိကကျသော ရေနံတင်ပို့ရာ ပင်လယ်နီကမ်းရိုးတန်းရှိ ယာန်ဘူဆိပ်ကမ်းတွင် ရေနံတင်ပို့မှုများကို ယာယီရပ်ဆိုင်းထားခဲ့ရကြောင်းသိရသည်။

ပြီးခဲ့သော လများအတွင်း ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့ခံရမှုဒဏ်မှကင်းဝေးစေရန် အဆိုပါ ပိုက်လိုင်းက အဓိကအထောက်အကူပြုခဲ့သော်လည်း ယခုကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်းက ကမ္ဘာ့စွမ်းအင် ထောက်ပံ့ရေးကွင်းဆက်အပေါ် စိုးရိမ်ပူပန်မှုများကို မြင့်တက်စေခဲ့သည်။

ကမ္ဘာ့အဓိက စွမ်းအင်ဝယ်ယူသူများနှင့် ရေနံကုမ္ပဏီများသည် ဈေးကွက်အတွင်း ဖြစ်ပေါ်လာနိုင်သည့် အတက်အကျများနှင့် အခြားသော အစားထိုးရေနံတင်ပို့သည့် လမ်းကြောင်းများကို အရေးပေါ် ရှာဖွေပြင်ဆင်နေကြရသည်။

စွမ်းအင် ဈေးကွက်တည်ငြိမ်ရေးနှင့် ပိုက်လိုင်းလုံခြုံရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများ၊ လုံခြုံရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

# ဟူသီလက်နက်ကိုင်အဖွဲ့၏ မက္ကာမြို့ တိုက်ခိုက်မှုအပေါ် ဆော်ဒီအာရေဗျ သတိပေးပြောကြား

**ရီယာ့ဒ် စက်တင်ဘာ ၁၆**

ယီမင်နိုင်ငံရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့အနေဖြင့် အစ္စလာမ်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ မက္ကာမြို့ကို မောင်းသူမဲ့ဒရုန်းယာဉ်သို့မဟုတ် ဒုံးကျည်ဖြင့် တိုက်ခိုက်ရန် ကြိုးပမ်းခဲ့မှုအပေါ် ဆော်ဒီအာရေဗျနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလိုက်ပြီး ထိုလုပ်ရပ်သည် နိုင်ငံ၏အဓိက အနီရောင်မျဉ်းကို ကျော်လွန်ခြင်းဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်၍ ဒေသတွင်း နိုင်ငံများကလည်း ပြင်းထန်စွာရှုတ်ချမှုများ ပြုလုပ်ခဲ့ကြပြီး အရှေ့အလယ်ပိုင်းဒေသ၏ လုံခြုံရေးအခြေအနေများကို ပိုမို ဆိုးရွားလာစေနိုင်ကြောင်း သတိပေးပြောကြားခဲ့ကြသည်။

ဟူသီလက်နက်ကိုင် အဖွဲ့ကမူ ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ တိုက်ခိုက်ရေး လေယာဉ်များနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့သော်လည်း သက်သေအထောက်အထား တိတိကျကျပြသနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ဒေသတွင်း စစ်ရေးပဋိပက္ခများနှင့် ရေနံတင်ပို့သည့်လမ်းကြောင်းများတွင် လုံခြုံရေးတင်းမာမှုများ မြင့်တက်နေခြင်းက ကမ္ဘာ့စွမ်းအင်ဈေးကွက်အပေါ် သက်ရောက်မှုရှိလာစေခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းက သံတမန်ရေးရာညှိနှိုင်းမှုများကို အရေးပေါ် ပြုလုပ်လျက်ရှိကြောင်းသိရသည်။

Ref : RT

Trs : YZA

# အရှေ့တောင်အာရှသို့ ကုန်သွယ်ရေးအတိုဆုံးလမ်းကြောင်းဖြစ်သည့် ပင်းလူတူးမြောင်း ဖွင့်လှစ်



**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံသည် နိုင်ငံ အနောက်တောင်ပိုင်း မြေမျက်နှာသွင်ပြင်အရ ပင်လယ်နှင့် ကင်းကွာနေသောဒေသများမှ ကမ်းရိုးတန်းနှင့် ပင်လယ်ရပ်ခြား ဈေးကွက်များဆီသို့ အမြန်ဆုံးသွားရောက်နိုင်မည့် အဓိကကျသော ရေကြောင်း လမ်းသစ်ကြီးဖြစ်သည့် ပင်းလူတူးမြောင်းကို တရားဝင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တူးမြောင်းသစ်ကြီး ဖွင့်လှစ်လိုက်ခြင်းအားဖြင့် အရှေ့တောင်အာရှ နိုင်ငံများဆီသို့ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အချိန်နှင့် စရိတ်စက ပိုမိုသက်သာစေမည့် လမ်းကြောင်းသစ်တစ်ခု ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဖွင့်လှစ်သည့် နေ့တွင်ပင် တရုတ်နိုင်ငံ ဂွမ်ရှီဇွမ်လူကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းဆိပ်ကမ်းမှ ကုန်တင်သင်္ဘောတစ်စီးသည် အဆိုပါတူးမြောင်းအတိုင်း ဟိုင်နန်ပြည်နယ် ယန်ပူဆိပ်ကမ်းသို့ ပထမဆုံးအကြိမ်အဖြစ် စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဒေသတွင်းရေကြောင်းနှင့် ကုန်သွယ်ရေးလမ်းကြောင်းသစ်များ ဖော်ဆောင်နိုင်ခြင်းသည် တရုတ်-အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်မားလာစေရန် အဓိက အထောက်အကူ ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒေသတွင်း ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် ချောမွေ့စေရန်အတွက် ခေတ်မီဆိပ်ကမ်း အခြေခံ အဆောက်အအုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်များကိုပါ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

# တရုတ်နိုင်ငံက အာကာသစူးစမ်းလေ့လာရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများတွင် မှတ်တိုင်သစ်စိုက်ထူနိုင်ရန် ကြိုးပမ်း



**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံသည် အနာဂတ်ငါးနှစ်တာ ကာလအတွင်း အာကာသစူးစမ်းလေ့လာရေးနှင့် နည်းပညာဆိုင်ရာတိုးတက်မှုများတွင် မှတ်တိုင်သစ်များ ထပ်မံစိုက်ထူနိုင်ရန်အတွက် ရည်မှန်းချက်ကြီးမားသောစကြဝဠာသုတေသနစီမံကိန်းအသစ်များကို အရှိန်အဟုန်မြင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စက်တင်ဘာ ၁၅ ရက်သတင်းများအရသိရသည်။

နိုင်ငံတကာအာကာသစူးစမ်းလေ့လာရေး လုပ်ငန်းစဉ်များကို ဦးဆောင်လျက်ရှိသည့် တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ လာမည့်နှစ်များအတွင်း အစွန်အဖျားရှိ ဂြိုဟ်များနှင့် ပိုမိုနက်ရှိုင်းသောအာကာသပြင်သို့ အာကာသယာဉ်များစေလွှတ်မည့်စီမံကိန်းများကို အသေးစိတ် ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

ယခင်က အောင်မြင်ခဲ့သည့် အာကာသစခန်းတည်ဆောက်ရေးနှင့် လနှင့်အင်္ဂါဂြိုဟ်သို့ စူးစမ်းရေးယာဉ်လွှတ်တင်နိုင်ခဲ့မှု အတွေ့အကြုံများကိုအခြေခံ၍ ယခုအကြိမ်တွင် သိပ္ပံပညာဆိုင်ရာ စမ်းသပ်မှုအသစ်များကို ပိုမိုကျယ်ပြန့်စွာပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အာကာသစီမံကိန်းများတွင် ကမ္ဘာမြေပြင်နှင့် အာကာသပြင်ပအချက်အလက်ဖလှယ်ရေး၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်မြှင့်တင်ရေးနှင့် အဆင့်မြင့်အင်ဂျင်နီယာနည်းပညာများကို အဓိကထား အသုံးပြုသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

Ref : Xinhua News

Trs : YZA

# အိပ်ချိန်ပုံမှန်မဟုတ်ခြင်းက ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေနိုင်

**လန်ဒန် စက်တင်ဘာ ၁၆**

လူတို့သည် နေ့စဉ် အိပ်ချိန်မမှန်ကန်ခြင်းနှင့် ညဘက်အိပ်ချိန်အပြောင်းအလဲများ မကြာခဏဖြစ်ပေါ်ခြင်းတို့ကြောင့် ဦးနှောက်၏ မှတ်ဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်း လုပ်ငန်းဆောင်တာများကို ရေရှည်တွင် ထိခိုက်စေနိုင်ကြောင်း ကျန်းမာရေးသုတေသနအသစ်တစ်ရပ်က စက်တင်ဘာ ၁၅ ရက်တွင် ရေးသား ဖော်ပြထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံနှင့် နိုင်ငံတကာမှ အာရုံကြောဆိုင်ရာ ကျန်းမာရေးပညာရှင်များ ပူးပေါင်းပါဝင်လေ့လာခဲ့ကြသည့် အဆိုပါသုတေသနအရ လူတစ်ဦးချင်းစီ၏ ဇီဝနာရီစနစ် (Circadian Rhythm) ပုံမှန်လည်ပတ်မှုသည် ဦးနှောက်ဆဲလ်များ၏ ကျန်းမာရေးအတွက် အလွန်အရေးပါကြောင်း တွေ့ရှိရသည်။

ညစဉ်အိပ်ရာဝင်ချိန်နှင့် နိုးထချိန်များမငြိမ်မသက်ဖြစ်ခြင်း၊ အိပ်ချိန်မမှန်ခြင်းတို့က ဦးနှောက်တွင်းရှိ ဆဲလ်များ၏ ပြန်လည်အားဖြည့် စွမ်းဆောင်ရည်ကို ကျဆင်းစေပြီး မှတ်ဉာဏ်အားနည်းလာခြင်းနှင့် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း ပညာရှင်များက ရှင်းပြထားသည်။

ဦးနှောက်ကျန်းမာရေးကောင်းမွန်စေရန်နှင့် အသက်အရွယ်ကြီးရင့်လာချိန်တွင် ဖြစ်ပွားတတ်သော ဦးနှောက်ယိုယွင်း ပျက်စီးသည့်ရောဂါများကို ကာကွယ်ရန်အတွက် နေ့စဉ်အိပ်ချိန်များကို တတ်နိုင်သမျှ ပုံမှန်နှင့် အချိန်မှန်ဖြစ်အောင် ထိန်းသိမ်းကြရန် ဆေးပညာရှင်များက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : YZA


# ကွန်ပျူတာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချပေးနိုင်မည့် အလွန်သေးငယ်သည့် နာနိုလေဆာနည်းပညာသစ်ကို ရုရှားသိပ္ပံပညာရှင်များ တီထွင်ဖန်တီးနိုင်ခဲ့

**မော်စကို စက်တင်ဘာ ၁၆**

ကွန်ပျူတာနှင့် အချက်အလက်သိုလှောင်ရေး စနစ်များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို သိသိသာသာလျှော့ချပေးနိုင်မည့် အလွန်သေးငယ်သည့် နာနိုလေဆာနည်းပညာသစ်ကို ရုရှားသိပ္ပံပညာရှင်များ အောင်မြင်စွာတီထွင်ဖန်တီးနိုင်ခဲ့ကြကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ နာနိုလေဆာနည်းပညာသည် မိုက်ခရိုချစ်ပြားများအတွင်း လျှပ်စစ်မီးအစား အလင်းတန်းများကိုအသုံးပြု၍ အချက်အလက်များကို ပို့လွှတ်ပေးနိုင်ရန် ဖန်တီးထားခြင်းဖြစ်ပြီး ကွန်ပျူတာများ၏ အလုပ်လုပ်ဆောင်မှုအမြန်နှုန်းကို ပိုမိုမြင့်မားလာစေမည်ဖြစ်သည်။

ထိုသို့ လျှပ်စစ်ဓာတ်အားအစား အလင်းကို အဓိကအသုံးပြုခြင်းအားဖြင့် လက်ရှိ ကွန်ပျူတာ



စနစ်များကြုံတွေ့နေရသော စွမ်းအင်ဆုံးရှုံးမှုနှင့် အပူလွန်ကဲသည့် ပြဿနာများကိုပါ တစ်ပါတည်း ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သုတေသီများက ရှင်းပြထားသည်။

အနာဂတ်ကာလတွင် ဉာဏ်ရည်တုနှင့် ကြီးမားများပြားသော အချက်အလက်များကို စီမံခန့်ခွဲသည့်စင်တာများအတွက် အဆိုပါ နာနိုလေဆာနည်းပညာသည် မရှိမဖြစ်လိုအပ်သည့် အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

နည်းပညာကျွမ်းကျင်သူများကမူ ဤတီထွင်မှုသည် ကွန်ပျူတာဟာ့ဒ်ဝဲထုတ်လုပ်ရေး လောကတွင် စွမ်းအင်ချွေတာရေးအတွက် အရေးပါသော အလှည့်အပြောင်းသစ်တစ်ခုဖြစ်လာမည်ဖြစ်သည်ဟု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : YZA

# မွေးရာပါနှလုံးရောဂါဖြစ်ပွားရသည့်အကြောင်းရင်းကို ဆဲလ်အင်တင်နာများမှတစ်ဆင့် ရှာဖွေတွေ့ရှိ

**ကိုပင်ဟေဂင် စက်တင်ဘာ ၁၆**

မိုက်ခရိုစကုပ်ဖြင့်သာ ကြည့်ရသည့် ဆဲလ်များအတွင်းရှိ အလွန်သေးငယ်သော အင်တင်နာကဲ့သို့ အစိတ်အပိုင်းများ၏ ဆက်သွယ်မှုစနစ် ပျက်ယွင်းခြင်းကြောင့် ကလေးငယ်များတွင် မွေးရာပါနှလုံးချို့ယွင်းချက်များ ဖြစ်ပွားရသည်ဟု ဒိန်းမတ်ဆေးပညာသုတေသီများက အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ကြကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။


ဆေးပညာဂျာနယ်သစ်တစ်ခုတွင် ဖော်ပြထားချက်အရ လူ့ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များအချင်းချင်းသတင်းအချက်အလက်ပေးပို့ရာတွင် အသုံးပြုသည့် ၎င်းအဏုကြည့် အစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်တာများ ထိခိုက်သည့်အခါ နှလုံး၏ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေကြောင်း သိရသည်။

မျိုးရိုးဗီဇဆိုင်ရာ ဖောက်ပြန်ပြောင်းလဲမှုများက အဆိုပါဆဲလ်အင်တင်နာများ၏ သဘာဝကို ပြောင်းလဲပစ်နိုင်ပြီး သန္ဓေသားအရွယ်တွင် နှလုံးဖွဲ့စည်းပုံ မမှန်ကန်တော့ဘဲ မွေးရာပါရောဂါများကို ဖြစ်ပေါ်စေကြောင်း သုတေသီများက ရှင်းပြထားသည်။

ယခုကဲ့သို့ အခြေခံဆဲလ်အဆင့်မှားယွင်းမှုကို တိတိကျကျရှာဖွေတွေ့ရှိခြင်းအားဖြင့် အနာဂတ်တွင် မွေးရာပါနှလုံးရောဂါများကို ဆောလျင်စွာစစ်ဆေးကုသနိုင်မည့် နည်းလမ်းသစ်များနှင့် ကုထုံးများကို ဖော်ထုတ်နိုင်ရန် လမ်းစပွင့်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : YZA



# Media Tek နှင့် TSMC ကုမ္ပဏီတို့ပူးပေါင်း၍ အဆင့်အမြင့်ဆုံးနည်းပညာသုံး မိုဘိုင်းချစ်ပြားအသစ်များ ထုတ်လုပ်မည်

**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်(တိုင်ပေ)ရှိ ကမ္ဘာကျော် ဆီမီးကွန်ဒတ်တာ နည်းပညာကုမ္ပဏီ ကြီးတစ်ခုဖြစ်သည့် MediaTek နှင့် ကမ္ဘာ့ထိပ်တန်းချစ်ပြားထုတ်လုပ်ရေး လုပ်ငန်းကြီးဖြစ်သည့် TSMC ကုမ္ပဏီတို့ပူးပေါင်း၍ အဆင့်အမြင့်ဆုံး နည်းပညာများကိုအသုံးပြုကာ ခေတ်မီမိုဘိုင်းပရိုဆက်ဆာ ချစ်ပြားအသစ်များကို ထုတ်လုပ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

ဉာဏ်ရည်တုနည်းပညာများ ကမ္ဘာတစ်ဝန်းတွင် အရှိန်အဟုန်ဖြင့် ကြီးထွားလာမှုနှင့်အတူ စမတ်ဖုန်းနှင့် မိုဘိုင်းစက်ပစ္စည်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဟာ့ဒ်ဝဲပစ္စည်းများအတွက် လိုအပ်ချက်များ မြင့်တက်လာနေချိန်တွင် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အသစ်ထုတ်လုပ်မည့် မိုဘိုင်းချစ်ပြားများသည် စွမ်းအင်သုံးစွဲမှုကို သိသာထင်ရှားစွာလျှော့ချပေးနိုင်မည့်အပြင် စွမ်းဆောင်ရည်ပိုင်းတွင်လည်း ယခင်မျိုးဆက်များထက်အဆများစွာသာလွန်ကောင်းမွန်လာမည်ဖြစ်ကြောင်း ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီကြီးများ ဖြစ်ကြသော Nvidia နှင့် Alphabet တို့ကလည်း ဆီမီးကွန်ဒတ်တာနှင့် ဉာဏ်ရည်တုအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေထည့်ဝင်မှုများ ပြုလုပ်ထားရာ အဆိုပါကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအစုအဝေးများ ပိုမိုကျယ်ပြန့်လာနေသည်။

နည်းပညာလောက ကျွမ်းကျင်သူများကမူ ဤချစ်ပြားအသစ် ထွက်ရှိလာခြင်းသည် မိုဘိုင်းနည်းပညာ ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကို ပိုမိုပြင်းထန်လာစေမည့်အပြင် အဆင့်မြင့် AI အတွေ့အကြုံများကို ပိုမိုလွယ်ကူစွာရရှိခံစားနိုင်စေမည်ဟု သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : YZA

## WBC ဝယ်သာဝိတ်တန်းတွင်သာ ထိုးသတ်မည်ဟု စိန်ခေါ်သူ ဂါဗွန်တာဒေးဗီးစ်ကို ဂါစီယာပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁၆**

လက်ရှိ WBC ဝယ်သာဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမားဂါစီယာက စိန်ခေါ်သူ တစ်နိုင်ငံတည်းသား လက်ဝှေ့သမား ဂါဗွန်တာဒေးဗီးစ်ကို WBC ဝယ်သာဝိတ်တန်းတွင် လက်ခံထိုးသတ်မည်ဟု ပြောကြားခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာသည် စက်တင်ဘာ ၁၂ ရက်က ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ကော်နာဘင်းနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဂါစီယာနှင့် ဂါဗွန်တာ ဒေးဗီးစ်တို့သည် ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်က အမေရိကန်နိုင်ငံတွင် WBC လိုက်ဝိတ်တန်း ပွဲစဉ်အဖြစ် ထိုးသတ်ခဲ့ဖူးပြီး ဒုတိယအချီတွင် ဂါဗွန်တာဒေးဗီးစ်က အနိုင်ရခဲ့ကာ နောက်ပိုင်းတွင် ၎င်းတို့နှစ်ဦး တစ်ကြိမ်မှ တွေ့ဆုံခြင်းမရှိဘဲ ဒုတိယအကြိမ်အဖြစ် ဂါဗွန်တာဒေးဗီးစ်က စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဂါစီယာက "ဂါဗွန်တာဒေးဗီးစ်က ကျွန်တော်တို့အဖွဲ့ကို ဆက်သွယ်ထားပါတယ်။ ကျွန်တော် တစ်ခု ကြိုပြောချင်ပါတယ်။ WBC ဝယ်သာဝိတ်တန်းမှာပဲ ထိုးသတ်တာကိုလက်ခံမှာပါ။ ကျွန်တော် ချန်ပီယံကာကွယ်ပွဲ မတိုင်ခင်မှာတော့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ တစ်ပွဲလောက်တော့ထိုးသတ်ချင်ပါသေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Source Boxing

Trs : STA

## အာဂျင်တီးနားအသင်းက မက်ဆီ၏ ဂုဏ်ပြုနှုတ်ဆက်ပွဲကို လာမည့် အောက်တိုဘာ ၆ ရက်တွင် ကစားမည့် ဘီနင်အသင်းနှင့် ပွဲစဉ်တွင်ပြုလုပ်ရန်စီစဉ်

**ဗျူနိုစ်အေရိစ် စက်တင်ဘာ ၁၆**



အာဂျင်တီးနား အသင်းက အသင်းကစားသမားဘဝ အနားယူခဲ့သည့် မက်ဆီ၏ ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို လာမည့် အောက်တိုဘာ ၆ ရက်တွင် ကစားမည့် ဘီနင်အသင်းနှင့်ပွဲစဉ်တွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် နောက်ဆုံး ပါဝင်ကစားခဲ့ပြီးနောက် ဩဂုတ်လကလက်ရွေးစင် အသင်းမှ အနားယူကြောင်း ကြေညာထားသူဖြစ်သည်။

သို့သော် အာဂျင်တီးနားအသင်းနည်းပြစကာလိုနီက လာမည့်ဘီနင်အသင်းနှင့် ကစားမည့်ပွဲစဉ်တွင် မက်ဆီ၏အမည်စာရင်းကို အသင်းကစားသမားစာရင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထည့်သွင်းပြီး ဂုဏ်ပြုမှု လုပ်ဆောင်မည်ဟု ကြေညာခဲ့ကာ ပွဲစဉ်မတိုင်မီ မက်ဆီအတွက် ဂုဏ်ပြုပွဲတစ်ရပ်ကျင်းပမည်ဟုအတည်ပြုခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၀၅ ခုနှစ်က စတင်ပါဝင်ကစားခဲ့ပြီး အသင်းတွင် ကာလရှည် ပါဝင်ကစားခဲ့ကာ ပြိုင်ပွဲစုံ ၂၀၇ ပွဲတွင် သွင်းဂိုး ၁၂၅ ဂိုး သွင်းယူခဲ့သည့်အပြင် အာဂျင်တီးနားအသင်းတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ပြီး ကမ္ဘာ့ဖလားချန်ပီယံဆုနှင့် ကိုပါအမေရိကဖလားချန်ပီယံဆုတို့ကို ဆွတ်ခူးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီး လေ့ကျင့်မှုများစတင်ပြုလုပ်



**ရောမ စက်တင်ဘာ ၁၆**

ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသည့် ကမ္ဘာ့အဆင့်(၁) အီတလီတင်းနစ် ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီးနောက် ယနေ့တွင် လေ့ကျင့်မှုများစတင် လုပ်ဆောင်နေကြောင်း Sportskeeda Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ဂျင်နစ်ခ်ဆင်နာသည် ပြီးခဲ့သည့် ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် ညာဘက်ဒူး ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရပြီးနောက် ဆေးဝါးကုသမှုများ ခံယူခဲ့ရခြင်းဖြစ်သည်။

ဂျင်နစ်ခ်ဆင်နာသည် ဒူးဒဏ်ရာကြောင့် အနားယူခဲ့ရသည့်အတွက် ပြီးခဲ့သည့် စင်စင်နတီအိုးပင်း တင်းနစ်ပြိုင်ပွဲ၊ ကနေဒါအိုးပင်း တင်းနစ်ပြိုင်ပွဲတို့ကို လွဲချော်ခဲ့သည့်အပြင် ထိပ်တန်းပြိုင်ပွဲတစ်ခုဖြစ်သည့် U.S.Open တင်းနစ်ပြိုင်ပွဲတို့ကို လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ဂျင်နစ်ခ်ဆင်နာသည် အဆိုပါပြိုင်ပွဲများကို ဒဏ်ရာကြောင့် လွဲချော်ခဲ့ရသော်လည်း ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နေသူဖြစ်ပြီး ဒဏ်ရာမှ သက်သာလာခဲ့သည့် အတွက် ယနေ့မှစတင်ပြီး ပြင်သစ်နိုင်ငံ မိုနာကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေ့ကျင့်မှုများစတင် လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sportskeeda Tennis

Trs : STA

## မြန်မာလိဂ်-၂ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကလပ်အသင်းသစ်များကို သတ်မှတ်ချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စိစစ်ခြင်းများပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ယခုနှစ်တွင် ကျင်းပမည့် မြန်မာလိဂ်-၂ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကလပ်အသင်းသစ်များကို သတ်မှတ်ချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စိစစ်ခြင်းများပြုလုပ်မှုကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကလပ်အသင်းသစ် စိစစ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဦးဘန်နီတင်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းစိန်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးငွေထွန်း (ဟံသာဝတီယူနိုက်တက်)၊ ဒေါက်တာသက်တင် (မြဝတီ အက်ဖ်စီ)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်မှ တာဝန်ရှိသူများက ပါဝင်သည့်အသင်းမှ သတ်မှတ် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ AFC Club Licensing Criteria သတ်မှတ်ချက်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ အသင်း ရေရှည် ရပ်တည်နိုင်ရေးအတွက် ကလပ်ဝင်ငွေထွက်ငွေ မျှတစွာ သုံးစွဲနိုင်ရေး၊ စပွန်ဆာဝင်ငွေရရှိရေးစသည့် ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များကို စိစစ်ခဲ့ကြသည်။

မြန်မာလိဂ်-၂ ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ရှစ်သင်းသို့မဟုတ် ကိုးသင်းဖြင့် လာမည့်အောက်တိုဘာလ ဒုတိယရက်သတ္တပတ်မှစတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက ဆက်လက် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

STA

## Nakhon Sawan International Series 2026 ကြက်တောင်ရိုက်ပြိုင်ပွဲတွင် သက်ထားသူဇာအပါအဝင် ကစားသမားသုံးဦးအနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် Nakhon Sawan International Series 2026 ကြက်တောင်ရိုက်ပြိုင်ပွဲ ယနေ့ပွဲစဉ်များတွင် မြန်မာနိုင်ငံမှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သက်ထားသူဇာအပါအဝင် ကစားသမားသုံးဦးအနိုင်ရရှိကာ နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး တစ်ဦးရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။




Nakhon Sawan International Series 2026 ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာသည် ၆၄ ဦး ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် အိမ်ရှင် ထိုင်းကြက်တောင်ရိုက်မယ် Buramart နှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် (၂၁-၁၁) မှတ်ဖြင့်အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၂၁-၁၅)မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ၃၂ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၆၄ ဦး ရှုံးထွက်အဆင့်ပွဲစဉ်များတွင်လည်း မြန်မာနိုင်ငံမှ ဟိန်းထွဋ်က ထိုင်းကစားသမား Wechawong နှင့်ကစားခဲ့ရာ ပထမပွဲငယ်တွင် (၂၁-၁၄) မှတ်၊ ဒုတိယပွဲငယ်တွင် (၂၁-၁၄) မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ၃၂ ဦးရှုံးထွက်အဆင့်ကို တက်ရောက်ခဲ့သကဲ့သို့ ညဏ်ရှိုင်းလင်းသည်လည်း ထိုင်းကစားသမားဖြစ်သည့် Srithong နှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် (၂၁-၁၄) မှတ်၊ ဒုတိယပွဲငယ်တွင် (၂၃-၂၁) မှတ်ဖြင့် အနိုင်ရပြီး ၃၂ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

သို့သော် မြန်မာကြက်တောင်ရိုက်ကစားသမား ဖုန်းပြည့်နိုင်က တရုတ်(တိုင်ပေ) ကစားသမား Yuan Syue Jhuang နှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် (၁၁-၂၁) မှတ်ဖြင့် ရှုံးနိမ့်ပြီး ဒုတိယ ပွဲငယ်တွင်လည်း (၉-၂၁) မှတ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

STA



# WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ် စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမ်ဘီလီနှင့် ကာနယ်လိုတို့ ထိုးသတ်မည်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၆

WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကင်မရွန်းလက်ဝှေ့သမားအမ်ဘီလီနှင့် စိန်ခေါ်သူ ချန်ပီယံဟောင်း မက္ကဆီကို လက်ဝှေ့သမား ကာနယ်လိုတို့သည် လာမည့် အောက်တိုဘာ ၃၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ထိုးသတ်မည်ဟု အတည်ပြုခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ကာနယ်လိုသည် ၂၀၁၁ ခုနှစ်က WBC စူပါဝဲလ်သာဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ဆိုင်ခဲ့ပြီးနောက် နိုင်ပွဲများ ဆက်တိုက်ရယူခဲ့ပြီး WBA၊ WBO၊ IBF စသည့် စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်များကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

သို့သော် ကာနယ်လိုသည် ၂၀၂၅ခုနှစ် စက်တင်ဘာ ၁၃ ရက်က ၎င်းပိုင်ဆိုင်ထားသည့် WBA၊ WBO၊ IBF၊ WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်များ ကာကွယ်ပွဲစဉ်အဖြစ် အမေရိကန် လက်ဝှေ့သမား ခရောဖို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် အဆိုပါ ခါးပတ်များကို လက်လွှတ်ခဲ့ရခြင်း ဖြစ်သည်။

ကာနယ်လိုအနေဖြင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ၆၃ ပွဲနိုင်၊ သုံးပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်ပိုင်ဆိုင်ထားသူဖြစ်ပြီး ရှုံးနိမ့်ခဲ့သည့်သုံးပွဲအဖြစ် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၄ရက်က အမေရိကန်လက်ဝှေ့သမား မေဝဲလ်သာကို ရှုံးနိမ့်ခဲ့ပြီး ပထမဆုံးရှုံးပွဲစတင်ကြုံတွေ့ခဲ့ကာ ဒုတိယရှုံးပွဲအဖြစ် ၂၀၂၂ ခုနှစ် မေ ၇ ရက်က WBAစူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် စိန်ခေါ်ပွဲစဉ်တွင် ရုရှားလက်ဝှေ့သမားဘီဗိုလ်ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး တတိယရှုံးပွဲအဖြစ် ခရောဖို့တို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ကာနယ်လိုသည် ခရောဖို့ကို ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံခါးပတ်များကို လက်လွှတ်ခဲ့ရပြီးနောက် ယခုအခါ WBCစူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်အတွက် လက်ရှိချန်ပီယံ အမ်ဘီလီကို စိန်ခေါ်ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

Ref : Source Boxing
Trs : STA

# Niche Cues Open အမျိုးသမီး စနူကာပြိုင်ပွဲတွင် ထိပ်တန်းကစားသမားအများစု ပါဝင်ကစားရန် စာရင်းပေးသွင်းထား

ကွာလာလမ်ပူ စက်တင်ဘာ ၁၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် Niche Cues Open အမျိုးသမီးစနူကာပြိုင်ပွဲတွင် ထိပ်တန်းစနူကာကစားသမားအများစုပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားကြောင်း World Snooker သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

Niche Cues Open အမျိုးသမီး စနူကာပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်ထိကျင်းပမည်ဖြစ်ပြီး လက်ရှိအမျိုးသမီးစနူကာ အဆင့်သတ်မှတ်ချက်၌ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် လက်ရှိချန်ပီယံ တရုတ်ကစားသမား ဘိုင်ယုလုလည်း ပါဝင်ကစားမည်ဖြစ်သည်။

လက်ရှိတွင် ချန်ပီယံဆုကာကွယ်မည့် ဘိုင်ယုလုအပြင် ပြီးခဲ့သည့်နှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ အဆင့်တက်ရောက်ခဲ့ပြီး ဒုတိယဆုရရှိခဲ့သည့် တရုတ်(တိုင်ပေ) ကစားသမား နာအွန်ရီလည်းပါဝင်ကစားမည်ဖြစ်သည်။

Niche Cues Open အမျိုးသမီးစနူကာပြိုင်ပွဲသည် WWS Tourအဆင့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် ထိပ်တန်းအမျိုးသမီးကစားသမား အများစုပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို မလေးရှားနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : World Snooker
Trs : STA




# ရှန်းနီနောက်ပိုင်း ကွာရာဘောင်းဖလားပြိုင်ပွဲတွင် တစ်ပွဲတည်းနှစ်ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ဒုတိယမြောက်ကစားသမားအဖြစ် အာဆင်နယ်အသင်းမှ ဒိုမန်းရပ်တည်

လန်ဒန် စက်တင်ဘာ ၁၆

အာဆင်နယ်အသင်း လူငယ်တိုက်စစ်ကစားသမား ဒိုမန်းသည် ကွာရာဘောင်းဖလား ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် အစ်ဖ့်စ်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် အဲဗာတန်အသင်း ကစားသမားဟောင်း ရှန်းနီနောက်ပိုင်း ကွာရာဘောင်းဖလားပြိုင်ပွဲတွင် တစ်ပွဲတည်း နှစ်ဂိုး သွင်းယူနိုင်သည့် အသက်အငယ်ဆုံး ဒုတိယမြောက် ကစားသမား ဖြစ်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းက အစ်ဖ့်စ်အသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒိုမန်းသည် ပွဲချိန် ခုနစ်မိနစ်နှင့် ၄၇ မိနစ်တို့တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ရှန်းနီနောက်ပိုင်း ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် တစ်ပွဲတည်းနှစ်ဂိုး သွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်က ရှန်းနီသည် အဲဗာတန်အသင်းတွင် ကစားခဲ့စဉ်က ကွာရာဘောင်းဖလားပြိုင်ပွဲအဖြစ်ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ဝရက်ဇ်ဟမ်အသင်းတို့ပွဲစဉ်တွင်သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် အသက် ၁၆ နှစ် ၃၃၆ ရက်ဖြင့် ကွာရာဘောင်းဖလားပြိုင်ပွဲတွင်တစ်ပွဲတည်း နှစ်ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်လည်း ဒိုမန်းသည် အဆိုပါပွဲစဉ်တွင် အသက် ၁၆ နှစ် ၂၅၈ ရက်သာ ရှိသေးသည့်အတွက် ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် တစ်ပွဲတည်း နှစ်ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ဒုတိယမြောက် ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# စီရော်နယ်ဒိုက အေစီမီလန်အသင်းပိုင်ရှင်နှင့်ပူးပေါင်းပြီး အယ်လ်နာဆာအသင်းကို ဝယ်ယူရန် ကြိုးပမ်းနေ

ရီယာဒ် စက်တင်ဘာ ၁၆

လက်ရှိ အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုက အေစီမီလန်အသင်းပိုင်ရှင် ဂယ်ရီကာဒီနာလီနှင့်ပူးပေါင်းပြီး အယ်လ်နာဆာအသင်းကို ဝယ်ယူရန်ကြိုးပမ်းနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဆော်ဒီပရိုလိဂ် ထိပ်တန်းကလပ်အသင်းတစ်သင်း ဖြစ်သည့် အယ်လ်နာဆာအသင်းကို ၂၀၂၃ ခုနှစ်မှစတင်ပြီး ဆော်ဒီအာရေဗျနိုင်ငံပိုင် လုပ်ငန်းစုဖြစ်သည့် Public Investment Fund(PIF)အဖွဲ့က ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

PIF အဖွဲ့သည် အယ်လ်နာဆာအသင်းအပြင် အခြားဆော်ဒီပရိုလိဂ် အသင်းများဖြစ်သည့် အယ်လ်ဟီလယ်အသင်း၊ အယ်လ်အီတီဟတ်အသင်း၊ အယ်လ်အာလီအသင်းတို့ကိုလည်း ပိုင်ဆိုင်ထားပြီး နောက်ပိုင်း နှစ်များအတွင်း ငွေကြေးရင်းနှီးမြှုပ်နှံမှု အပိုင်းတွင် အခက်ကြုံတွေ့နေသဖြင့် အယ်လ်နာဆာအသင်းကို ပြန်လည်ရောင်းချဖွယ်ရှိနေသည့်အတွက် စီရော်နယ်ဒိုက ဂယ်ရီကာဒီနာလီနှင့် ပူးပေါင်းပြီး ဝယ်ယူရန်စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

အယ်လ်နာဆာ အသင်းသည် အစောပိုင်းက ငွေအင်အားပိုင်းတောင့်တင်းသည့် အသင်းတစ်သင်းဖြစ်သော်လည်း နောက်ပိုင်းနှစ်များတွင် စီရော်နယ်ဒိုအပါအဝင် ထိပ်တန်းကစားသမားများကို မြင့်မားသည့်လုပ်ခလစာများပေးချေမှုကြောင့် ကြွေးမြီများတင်ရှိနေသည့်အတွက် အသင်းကိုပြန်လည်ရောင်းချရမည့် အနေအထားနှင့် ကြုံတွေ့နေရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅) ပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်မှ ၂၆ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၇ ရက်တွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ ရှေ့ဝတီယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ ISPE အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ကစားမည်ဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅) နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် ဖယ်လ်ကွန်အက်ဖ်စီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားမည်ဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၄)အပြီးတွင် ISPE အသင်းက ၁၁ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းကလည်း ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၀ မှတ်ဖြင့် ချန်ပီယံဆုအတွက် အဆင့်(၂)နေရာမှ ဆက်လက် ဖိအားပေးနေကြောင်း သိရသည်။

STA

# မြေဆီလွှာ အက်စစ်ဓာတ်ကင်းဝေးစေဖို့ မြေချဉ်ခြင်းကို စနစ်တကျပြုပြင်စို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

တောင်သူဦးကြီးတို့၏ စိုက်ခင်းများတွင် ဓာတ်မြေသြဇာများ နည်းလမ်းမှန်ကန်စွာ စဉ်ဆက်မပြတ်ထည့်သွင်းပေးနေပါလျက် သီးနှံများ အဆမတန်ပုညှက်နေခြင်း၊ အရွက်များ အဝါရောင် သို့မဟုတ် ခရမ်းရောင်သန်းနေခြင်းနှင့် ထိုက်သင့်သလောက် အထွက်နှုန်းမရရှိဘဲ ဖြစ်ခြင်းများ ကြုံတွေ့နိုင်သည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကတရားခံမှာ အခြားမဟုတ်ဘဲ မြေဆီလွှာအက်စစ်ဓာတ်လွန်ကဲနေခြင်း သို့မဟုတ် မြေချဉ်နေခြင်းကြောင့် ဖြစ်သည်။

**မြေချဉ်ငန်ကိန်းတန်ဖိုး (pH ) သဘောတရား**

မြေဆီလွှာ pH တန်ဖိုးဆိုသည်မှာ မြေကြီးထဲတွင်ရှိသည့် $H^+$ အိုင်းယွန်းပမာဏကို တိုင်းတာခြင်းဖြစ်သည်။

$pH = -\log [H^+]$ ဖြစ်သည့်အတွက် မြေဆီလွှာထဲတွင် $H^+$ အိုင်းယွန်းပါဝင်မှု များလေလေ၊ မြေဆီလွှာ၏ pH တန်ဖိုး နိမ့်ဆင်းမှုပိုများလေလေဖြစ်သည်။

မြေဆီလွှာ၏ ချဉ်ခြင်း၊ ငန်ခြင်း အဆင့်အတန်းကို သုည မှ ၁၄ ထိ သတ်မှတ်ထားသည်။ pH ၇ သည် အလယ်အလတ် မျှခြေအမှတ် (Neutral) ဖြစ်ပြီး၊ pH ၇ အောက်နည်းလျှင် မြေချဉ်ဟုသတ်မှတ်၍ ၎င်းထက်များလျှင် မြေငန်ဟု သတ်မှတ်သည်။ သီးနှံအမျိုးအစားအလိုက် သင့်တော်သည့် pH တန်ဖိုး ကွာခြားသော်လည်း ယေဘုယျအားဖြင့် အပင်အများစု အတွက် pH ၆.၀ မှ ၇.၅ ကြားသည် အာဟာရဓာတ်စုံလင်စွာ စုပ်ယူနိုင်ရန် အကောင်းဆုံးအခြေအနေဖြစ်သည်။ မြေဆီလွှာ၏ မြေချဉ်ငန်ကိန်း နိမ့်လွန်းခြင်း၊ မြင့်လွန်းခြင်းများသည် အပင်၏အဟာရဓာတ်စုပ်ယူမှုကို အဓိကဟန့်တားသည်။ မြေဆီလွှာထဲတွင် အာဟာရဓာတ်များ ပြည့်စုံစွာရှိသည့်တိုင်အောင် သီးနှံပင်အတွက် သင့်တော်သည့် pH တန်ဖိုးမဟုတ်လျှင် အဆိုပါဓာတ်များသည် ဓာတ်ပြောင်းလဲမှုဖြစ်ပြီး အပင်စုပ်ယူလို့မရသည့်ပုံစံမျိုးဖြစ်သွားတတ်သည်။

**မြေဆီလွှာ ဘာကြောင့် ချဉ်ရသလဲ**

နိုက်ထရိုဂျင်ဓာတ်မြေသြဇာများကို စနစ်တကျမဟုတ်ဘဲ အလွန်အကျွံ မြေတွင်းသို့ ထည့်သည့်အခါ အဏုဇီဝသက်ရှိများက Nitrification ဖြစ်စဉ်ဖြင့် အမိုနီယမ် ($NH^{4+}$)မှ နိုက်ထရိတ် ($NO^{3-}$)သို့ ပြောင်းလဲချိန်တွင် ဟိုက်ဒရိုဂျင်အိုင်းယွန်း ($H^+$) များကို စွန့်ထုတ်သဖြင့် မြေချဉ်လာရသည်။ သီးနှံပင်အနေဖြင့် အဟာရဓာတ်ရရှိရန် ဓာတ်ဖိုအိုင်းယွန်း ($Ca^{2+}$, $Mg^{2+}$, $K^+$)များကို စုပ်ယူသည့်အခါ လျှပ်စစ်ဓာတ်မျှခြေထိန်းရန် အပင်၏ အမြစ်မှ $H^+$ အိုင်းယွန်းများကို မြေဆီလွှာထဲသို့ ပြန်လည်စွန့်ထုတ်ခြင်းကြောင့်လည်း မြေချဉ်လာသည်။

မိုးရေချိန်များသည့် ဒေသများ၌ မြေဆီလွှာမျက်နှာပြင်တွင် ကပ်တွယ်နေသော ဓာတ်ဖိုဖလှယ်နိုင်စွမ်း (CEC)တွင်ရှိနေသည့် ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်ဓာတ်များသည် မိုးရေနှင့်အတူ မြေအောက်သို့ စိမ့်ဝင်မျောပါသွားကြပြီး ၎င်းတို့နေရာတွင် ဟိုက်ဒရိုဂျင် ($H^+$)နှင့် အလူမီနီယမ် ($Al^{3+}$) အိုင်းယွန်းများ အစားထိုးဝင်ရောက်လာသဖြင့် မြေချဉ်လာသည်။

အက်စစ်မိုးများရွာသွန်းမှုကြောင့်လည်း မြေချဉ်လာသည်။ ပုံမှန်အားဖြင့် သဘာဝမိုးရေစက်သည် လေထုထဲတွင်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့်ဓာတ်ပြုပြီး ကာဗွန်နစ်အက်စစ်ဓာတ်ပျော့ပါဝင်နေသည်ဖြစ်သဖြင့် pH တန်ဖိုး ၅.၆ ခန့်ထိ လျော့နည်းနေတတ်သည်။ ပုံမှန်ရွာသွန်းသည့် မိုးရေသည် အက်စစ်ဓာတ်အနည်းငယ်သာရှိသဖြင့် စိုက်ပျိုးရေးနှင့် မြေဆီလွှာကိုဆိုးရွားစွာ အန္တရာယ်မပေးနိုင်ပါ။ အက်စစ်မိုးဖြစ်ပေါ်ရသည့် အဓိကတရားခံမှာ အခြားမဟုတ်ပါ။ လူသားတို့၏ ပတ်ဝန်းကျင်ပျက်စီးစေသည့် လုပ်ဆောင်မှုများနှင့် စိုက်ပျိုးရေးဆိုင်ရာ မှားယွင်းသော အလေ့အထများကြောင့်ဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှ ဓာတ်ငွေ့ထွက်ရှိမှုများနှင့် သီးနှံရိုးပြတ်များကို မီးရှို့ခြင်းတို့ကြောင့် နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲသို့ အမြောက်အမြားရောက်ရှိသွားသည်။ အဆိုပါဓာတ်ငွေ့များ ရေငွေ့နှင့် ဓာတ်ပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဆာဖျူရစ်အက်စစ်နှင့် နိုက်ထရစ်အက်စစ်တို့သည် အက်စစ်ပြင်းများ (Strong Acids) ဖြစ်ကြသဖြင့် မိုးရွာသည့်အခါ ချဉ်ငန်ကိန်း (pH တန်ဖိုး ၅.၀ အောက်) လျော့နည်းလျက် အက်စစ်မိုးအဖြစ် ရွာသွန်းလာရခြင်းဖြစ်သည်။



မြေချဉ်တွင်စိုက်ပျိုးထားသော စပါးပင်သံဆိပ်သင့်နေပုံ။

နွားချေး၊ သဘာဝမြေဆွေး၊ သစ်စိမ်းမြေသြဇာ စသည့်သဘာဝမြေသြဇာများ ထည့်သွင်းပေးမှုနည်းပါးခြင်းကြောင့်လည်း မြေချဉ်လာသည်။ သဘာဝမြေသြဇာနည်းပါးပါက မြေဆီလွှာ၏ ခုခံနိုင်စွမ်း လျော့ကျသွားပြီး အက်ဆစ်မိုး သို့မဟုတ် ဓာတ်မြေသြဇာများကြောင့် မြေကြီးသည် အလွယ်တကူချဉ်သွားရသည်။

**မြေချဉ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်ပြဿနာများ**

မြေဆီလွှာ pH တန်ဖိုး ၅.၅ အောက်ရောက်သွားသည့်အခါ၌ မြေကြီးထဲမှာ $H^+$ အိုင်းယွန်းတင်မကဘဲ အလူမီနီယမ် အိုင်းယွန်းများပါ စတင်ပျော်ဝင်လာသည်။ ပျော်ဝင်လာသည့် $Al^{3+}$ အိုင်းယွန်းများသည် ရေနှင့် ဓာတ်ပြုပြီး $H^+$ အိုင်းယွန်းများကို ထပ်မံထုတ်လွှတ်ပေးသည်။ ဤဖြစ်စဉ်ကြောင့် မြေဆီလွှာထဲတွင် $H^+$ အိုင်းယွန်းပမာဏ ပိုမိုမြင့်တက်လာပြီး မြေဆီလွှာအက်စစ်ဓာတ်ကို ပိုမိုပြင်းထန်စေသည်။ ၎င်းအပြင် အဆိုပါ $Al^{3+}$ အိုင်းယွန်းများသည် အပင်၏ အမြစ်မွှေးများကို တိုက်ရိုက်အဆိပ်သင့်စေကာ အမြစ်မွှေးများကို တိုတောင်းသွားစေသဖြင့် အပင်သည် ရေနှင့်အာဟာရဓာတ် များကိုလုံလောက်စွာ မစုပ်ယူနိုင်တော့ဘဲ ကြီးထွားမှု ရပ်ဆိုင်းသွားသည်။ ထို့ပြင် မြေချဉ်များတွင် မန်းဂနီးစ်ဓာတ်များ လွန်ကဲစွာပျော်ဝင်လာပြီး အရွက်ပေါ်တွင် အကွက်များဖြစ်ခြင်းနှင့် အရွက်ကြောများညိုမဲကာ ပျက်စီးခြင်းကို ဖြစ်ပေါ်စေသည်။

အနည်းလိုအာဟာရဓာတ်ဖြစ်သည့် မော်လစ်ဘဒီနမ်ဓာတ်သည် မြေချဉ် ငန်ကိန်းနိမ့်လေလေ ပျော်ဝင်နိုင်စွမ်း ကျဆင်းလေလေဖြစ်သည်။ အဆိုပါဓာတ်သည် ပဲမျိုးစုံဝင် အပင်များ၏ အမြစ်ဖုများတွင် လေထုထဲမှ နိုက်ထရိုဂျင်ဖမ်းယူပေးရန် မရှိမဖြစ်လိုအပ်သည်။ ပဲမျိုးစုံဝင် အပင်များသည် စေ့ရွက်စုံအပင်များဖြစ်သဖြင့် ကယ်လ်ဆီယမ်လိုအပ်ချက်လည်း မြင့်မားသည်။ မြေချဉ်များတွင် ကယ်လ်ဆီယမ်နှင့် မော်လစ်ဘဒီနမ်ဓာတ်ချို့တဲ့သည့်အတွက်ကြောင့် မြေချဉ်တွင် စိုက်ပျိုးသည့် ပဲမျိုးစုံဝင် အပင်များ၏ ဖြစ်ထွန်းမှုကျဆင်းလာသည်။ မြေချဉ်တွင် စိုက်ပျိုးသည့် အခြားသောသီးနှံပင်များတွင်လည်း Ca နှင့် Mg ချို့တဲ့မှုများ ဖြစ်ပေါ်လာသည်။ မြေချဉ်မှုကြောင့် ကယ်လ်ဆီယမ်မရရှိပါက ဆဲလ်နံရံများ အားနည်းလာပြီး အပင်၏ ဖွဲ့စည်းတည်ဆောက်ပုံ ပျော့ပျောင်းသွားသည်။ ထို့ပြင် အပင်ထိပ်ဖူးညွှန့်များ၊ အမြစ်မွှေးများနှင့် သီးကင်းများ ကြီးထွားမှု ရပ်တန့်ခြင်း၊ သီးပုပ်ရောဂါဖြစ်လွယ်ခြင်းနှင့် ရောဂါပိုးမွှားများ အလွယ်တကူထိုးဖောက်ဝင်ရောက်နိုင်ခြင်းတို့ ဖြစ်ပေါ်စေသည်။ မဂ္ဂနီဆီယမ်သည် အစိမ်းရောင် ကလိုရိုဖီးမော်လီကျူး၏ ဗဟိုအချက်အချာ အက်တမ်ဖြစ်သည်။ မဂ္ဂနီဆီယမ်ချို့တဲ့ပါက အပင်သည် အလင်းမှီစုဖွဲ့အစာချက်လုပ်ခြင်းမပြုလုပ်နိုင်တော့ဘဲ အရွက်ကြောများကြားအဝါရောင်ပြောင်းခြင်းနှင့် ပရိုတင်းထုတ်လုပ်မှုအားနည်းခြင်း သို့မဟုတ် လုံးဝရပ်တန့်ခြင်းဖြစ်ပေါ်လာသည်။

ထို့ပြင် ချဉ်သောမြေတွင် နိုက်ထရိုဂျင် ဖမ်းယူပေးသည့် ဘက်တီးရီးယားများနှင့် သဘာဝအော်ဂဲနစ်ပစ္စည်းများကို ဆွေးမြည့်စေသည့် ဘက်တီးရီးယားများ၏ စွမ်းဆောင်ရည်သိသာစွာကျဆင်းသွားသည်။ မြေဆီလွှာအက်စစ်ဓာတ်လွန်ကဲခြင်းနှင့် ရေဝပ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတတ်သည့် နောက်ထပ်ပြဿနာတစ်ခုမှာ သံဓာတ်အဆိပ်သင့်ခြင်းဖြစ်သည်။ အထူးသဖြင့် ရေဝပ်စပါးခင်းများတွင် အများဆုံးတွေ့ရှိရလေ့ရှိသည်။

**ဖြေရှင်းပြုပြင်နည်းများ**

စိုက်ပျိုးမြေ၏ pH တန်ဖိုးပေါ်မူတည်၍ စိုက်ပျိုးချိန်မတိုင်မီ ထုံး (Calcium Oxide, Calcium Carbonate, Calcium Hydroxide, Calcium Silicate) သို့မဟုတ် ဒိုလိုမိုဒ် ($CaMg(CO_3)_2$)ကို သင့်တော်သည့်နှုန်းထားဖြင့် မြေထုအတွင်း သမအောင် ထည့်သွင်းပေးရမည်။ ယေဘုယျအားဖြင့် pH တစ်ယူနစ်တက်စေရန် တစ်ဧကလျှင် ထည့်ရမည့် ထုံးပမာဏအနေဖြင့် သဲမြေနှင့် သဲသမမြေတွင် ပိဿာ ၃၀၀ မှ ၅၀၀ ခန့်၊ သမမြေနှင့် နုန်းသမမြေတွင် ပိဿာ ၈၀၀ မှ ၁၀၀၀ ခန့်၊ မြေစေးနှင့်မြေစေးသမမြေတွင် ပိဿာ ၁၂၀၀ မှ ၁၅၀၀ ခန့် ထည့်သင့်သည်။ ထုံးလိုအပ်ချက်ပမာဏကို အတိအကျတွက်ချက်လိုပါက ဓာတ်ခွဲခန်းမြေနမူနာတွင် ဖလှယ်နိုင်သည့် $Al^{3+}$ ပါဝင်မှုပမာဏကိုတိုင်းတာပြီးမှ တွက်ချက်နိုင်သည်။

**မြေအမျိုးအစားအလိုက် ထုံးလိုအပ်ချက် ကွာခြားရသည့် အကြောင်းအရင်း**

မြေဆီလွှာတွင် လက်ရှိအက်စစ်ဓာတ် (Active Acidity)နှင့် အရန်အက်စစ်ဓာတ် (Reserve/Exchangeable Acidity) ဟူ၍ အက်စစ်ဓာတ် နှစ်မျိုးရှိသည်။ Active Acidity သည် မြေဆီလွှာပျော်ရည်ထဲတွင် လွတ်လပ်စွာရှိနေသော $H^+$ အိုင်းယွန်းများဖြစ်ပြီး လက်ရှိတိုင်းတာရရှိနိုင်သည့် pH တန်ဖိုးဖြစ်သည်။ Reserve/Exchangeable Acidity ဆိုသည်မှာ မြေစေးများနှင့် အော်ဂဲနစ်ပစ္စည်းများ၏ မျက်နှာပြင်တွင် တွယ်ကပ်နေသော $H^+$ နှင့် $Al^{3+}$ အိုင်းယွန်းများဖြစ်ပါသည်။ Active Acidity လျော့နည်းသွားပါက ၎င်းအရန်အက်စစ်များက မြေဆီလွှာပျော်ရည်ထဲသို့ ပြန်လည်ထွက်ရှိလာလေ့ရှိသည်။ သဲမြေတွင် အရန်အက်စစ်ဓာတ်နည်းသည့်အတွက် pH တိုးရန် ထုံးနည်းနည်းသာ လိုအပ်သည်။ CEC မြင့်သော မြေစေးများနှင့် အော်ဂဲနစ်ပစ္စည်း(မြေဆွေး) ပါဝင်မှုများသည့်မြေများတွင် အရန်အက်စစ်ဓာတ်အများအပြားရှိသည့်အတွက် အဆိုပါမြေများ၌ သဲမြေထက် ထုံး ပိုမိုထည့်သွင်းပေးရသည်။

ထုံးသည် မြေဆီလွှာနှင့် ဓာတ်ပြုရန် အချိန်ယူရသဖြင့် သီးနှံမစိုက်မီ သို့မဟုတ် မြေပြုပြင်ချိန်တွင် အနည်းဆုံးတစ်လခန့် ကြိုတင်၍ထည့်ရမည်။ ထုံးဓာတ်ပြုနိုင်ရန်မြေဆီလွှာတွင်အစိုဓာတ်ရှိနေရမည်။

**အခြားဆောင်ရွက်သင့်သည့်နည်းလမ်းများ**

မြေဆွေး၊ နွားချေး၊ သစ်စိမ်းမြေသြဇာ စသည့် သဘာဝမြေသြဇာများကို အစဉ်တစိုက် ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာ၏ pH တည်ငြိမ်မှု buffer စွမ်းရည်ကို မြှင့်တင်ပေးနိုင်သည်။ သဘာဝမြေသြဇာတွင် ပါရှိသည့်အော်ဂဲနစ်ပစ္စည်းများသည် မြေဆီလွှာ၏ ဓာတ်ဖိုဖလှယ်နိုင်စွမ်းကို မြှင့်တင်ပေးပြီး အက်စစ်ဓာတ်ပြောင်းလဲမှုကို ထိန်းညှိပေးသည်။ အော်ဂဲနစ်ဒြပ်ပေါင်းများသည် Free $Al^{3+}$ အိုင်းယွန်းများနှင့် ပေါင်းစပ်သွားသဖြင့် အလူမီနီယမ်၏ အဆိပ်အတောက်ဖြစ်စွမ်းကို လျှော့ချပေးနိုင်သည်။ မြေချဉ်များတွင် နိုက်ထရိုဂျင်မြေသြဇာထည့်သွင်းသည့်အခါ အမိုနီယမ်ဆာလ်ဖိတ်အစား ယူရီးယားကို သုံးစွဲသင့်သည်။ အပင်အတွက် လိုအပ်သောအာဟာရဓာတ်များကို ဓာတ်မြေသြဇာတစ်မျိုးထဲ ထည့်သွင်း၍ ရယူခြင်းမပြုဘဲ အပင်အဟာရဓာတ်ရရှိနိုင်သော ရင်းမြစ်အားလုံးကို အချိုးအစားကျကျပေါင်းစပ်အသုံးပြုသည့် ဘက်စုံအဟာရဓာတ် စီမံခန့်ခွဲသည့်စနစ်ကို စနစ်တကျကျင့်သုံး ဆောင်ရွက်သင့်သည်။ မြေချဉ်များတွင် မြေဆီလွှာချဉ်ခြင်းကို ခံနိုင်ရည်ရှိသည့် သီးနှံမျိုးစိတ်များ (ဥပမာ-လက်ဖက်၊ ကော်ဖီ၊ အာလူး၊ နာနတ်)ကို အလှည့်ကျထည့်သွင်းစိုက်ပျိုးသင့်သည်။ စိုက်ပျိုးမြေများ ရေဝပ်မှုမရှိစေရန် ရေသွင်းရေထုတ်စနစ်ကောင်းမွန်အောင် ဆောင်ရွက်သင့်သည်။

တောင်သူဦးကြီးတို့အနေဖြင့် စိုက်ခင်းအတွင်း အာဟာရဓာတ်များ မည်မျှပင်ဖြည့်တင်း ပေးထားစေကာမူ မြေဆီလွှာအက်စစ်ဓာတ်လွန်ကဲနေပါက အဆိပ်အတောက်ဖြစ်စေသည့် ရင်းမြစ်တစ်ခုသဖွယ် ပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် မိမိတို့၏ မြေဆီလွှာ pH အခြေအနေကို ပုံမှန်စစ်ဆေးစမ်းသပ်၍ ထုံးနှင့် သဘာဝမြေသြဇာများကို စနစ်တကျ ပြန်လည်ဖြည့်ဆည်းပေးခြင်းတို့ဖြင့် မြေချဉ်ခြင်းကို စနစ်တကျပြုပြင်၍ မြေဆီသြဇာထက်သန်သော စိုက်ပျိုးမြေကောင်းများဖြစ်လာစေရန် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။

# MRTV-4 နှင့် SHWE NADI တို့ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် ဆက်ချစ်ပါရစေ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၁၆**

MRTV-4 နှင့် SHWE NADI တို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်မည့် ဆက်ချစ်ပါရစေ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်ချစ်ပါရစေ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ချစ်စုခင်က ရေးသားထားပြီး ဒါရိုက်တာ ရဲနောင်နှင့် လက်ထောက်ဒါရိုက်တာ ဝင့်ဥမ္မာကျော်တို့က MRTV-4 နှင့် SHWE NADI ရုပ်ရှင်ထုတ်လုပ်ရေးတို့အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မျက်လုံးမှာအလွမ်း နှုတ်ခမ်းမှာမာန ရုပ်သံဇာတ်လမ်းတွဲမှာ အတွဲညီခဲ့ကြတဲ့ အောင်မင်းခန့်နဲ့ နေခြည်ရွှန်းလက်တို့ရဲ့ အပေးအယူမျှမျှ သရုပ်ဆောင်ချက်တွေကို ဆက်ချစ်ပါရစေ ရုပ်သံဇာတ်လမ်းတွဲမှာ ထပ်မံမြင်တွေ့ကြရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ရဲနောင်က ပြောပြသည်။

MRTV-4 နှင့် SHWE NADI တို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်မည့် ဆက်ချစ်ပါရစေ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်မင်းခန့်၊ ဗညားဘုန်းပြည့်၊ ရဲလွင်ဦး၊ အဲဗရက်စ်စိုး၊ နေခြည်ရွှန်းလက်၊ မွန်ဒေဝီ၊ မှူးသခင်ကိုနှင့် အခြားအနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Old Friends New Friends ဇာတ်ကား၌ မင်းသား ဖရန်ဆွာအားနော့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၁၆**

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Old Friends New Friends အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား ဖရန်ဆွာအားနော့ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဖရန်ဆွာအားနော့သည် မင်းသားလူးကပ်ဟက်၊ ပက်ထရစ်ရှပါဖင်နက်ဂျာ၊ မင်းသမီး ကတ်သရင်းနယူတန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Old Friends New Friends ဇာတ်ကားကို ဒါရိုက်တာ မိုက်ဘာဘီဂလီယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် သူငယ်ချင်းဟောင်း တစ်ဦး၏ မင်္ဂလာပွဲ၌ တောတွင်းစခန်းချခရီး ထွက်ခဲ့ကြသည့် ကောလိပ်ကျောင်းနေဖက်သူငယ်ချင်း တစ်စုတို့၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Old Friends New Friends ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မိုက်ဘာဘီဂလီယာ ကိုယ်တိုင်ရေးသားပေးထားသည်။

အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Focus Features ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ဂီတဥသျှောင် အလင်္ကာကျော်စွာ စောင်းဦးဘသန်း ၁၁၃ နှစ်ပြည့် ဂီတပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ ပြုလုပ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဂီတဥသျှောင် အလင်္ကာကျော်စွာ စောင်းဦးဘသန်း ၁၁၃ နှစ်ပြည့် ဂီတပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ စက်တင်ဘာ ၂၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါဂီတပွဲတော်ကို စီစဉ်သူ ဒါရိုက်တာ ကြည်သာ(ပွဲကြိုက်ခင်) ထံမှ သိရသည်။

ဂီတဥသျှောင် အလင်္ကာကျော်စွာ စောင်းဦးဘသန်း ၁၁၃ နှစ်ပြည့် ဂီတပွဲတော်တွင် ဂီတ၊ သဘင်၊ ရုပ်ရှင်နယ်ပယ်မှ ထင်ရှားသည့် အနုပညာရှင်ကြီးများနှင့် မျိုးဆက်သစ်အနုပညာရှင်များက အလင်္ကာကျော်စွာစောင်းဦးဘသန်း၏ထင်ရှားကျော်ကြားခဲ့သည့်တေးသီချင်းများဖြင့် ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။




"ဝဇီရာကဇာတ်ရုံမှာ ကျင်းပမဲ့ စောင်းဦးဘသန်း ၁၁၃ နှစ်ပြည့် ဂန္ထဝင်မြေက် ဂီတပွဲတော်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံကျော် ဂီတ၊ သဘင်၊ ရုပ်ရှင်ပညာရှင်ကြီးတွေနဲ့အတူ မျိုးဆက်သစ်အနုပညာရှင်များစွာကပါ အလင်္ကာကျော်စွာ စောင်းဦးဘသန်းရဲ့ ထင်ရှားကျော်ကြားတဲ့ ဂန္ထဝင်တေးသံသာတွေနဲ့ ပါဝင်ဂုဏ်ပြု သီဆိုဖျော်ဖြေသွားကြမှာ ဖြစ်ပါတယ်။ နိုင်ငံကျော် ဂီတ၊ သဘင်၊ ရုပ်ရှင်ပညာရှင်ကြီးတွေနဲ့ မျိုးဆက်သစ်အနုပညာရှင်တွေဆုံစည်းကြမဲ့ ဂန္ထဝင်ဂီတပွဲတော်ဖြစ်ပါတယ်"ဟု စီစဉ်သူ ဒါရိုက်တာ ကြည်သာ(ပွဲကြိုက်ခင်)က ပြောပြသည်။

အဆိုပါ ဂီတဥသျှောင်အလင်္ကာကျော်စွာ စောင်းဦးဘသန်း ၁၁၃ နှစ်ပြည့် ဂီတပွဲတော်ကို N Media Event Production က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး ဝဇီရာကဇာတ်ရုံ၌ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Seasons ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် စက်တင်ဘာ ၁၆**

Seasons ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ရုံတင်ပြသရန် Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Seasons ဇာတ်ကားတွင် မင်းသမီး လီလီဂျိမ်းနှင့် မင်းသား ဂျက်ရေးနော့တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Seasons ဇာတ်ကားသည် လယ်တောခြံတစ်ခု ဝယ်ယူထားသည့်ဇနီးမောင်နှံနှစ်ဦး ရှေးဟောင်း ဝိညာဉ်များ၏ ခြောက်လှန့်မှုခံခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

Seasons ဇာတ်ကားကို ဒါရိုက်တာ ဒရူးဟန်းကော့က တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဒရူးဟန်းကော့ကပင် တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ ဒရူးဟန်းကော့သည် Companion(2025) လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၆၀ ပူဇော်ကန်တော့သွားမည်


**ရန်ကုန် စက်တင်ဘာ ၁၆**

၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၆၀ ပူဇော်ကန်တော့ သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ကွက် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို)၌ ကျင်းပသွားမည်ဖြစ်ပြီး သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၆၀ ကို ကန်တော့သွားမည် ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါမယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေရှိပါတယ်။ ဒီနှစ် သက်ကြီးကန်တော့ခံ ရုပ်ရှင်အနုပညာရှင်က အယောက် ၁၆၀ ရှိပါတယ်။ နေရာကျဉ်းတဲ့အတွက် အားလုံးကန်တော့ခံနိုင်ဖို့ အခက်အခဲရှိပါတယ်။ ကန်တော့ပွဲနောက်နေ့မှာ ကျန်ရှိနေတဲ့ သက်ကြီးကန်တော့ခံ ရုပ်ရှင်အနုပညာရှင်တချို့ကို အိမ်တိုင်ရာရောက် သွားရောက်ကန်တော့မှာ ဖြစ်ပါတယ်"ဟု ဦးကြည်စိုးထွန်းက ပြောပြသည်။ ASH

# Vice President U Nyo Saw arrives in China for 23rd China-ASEAN Expo and China-ASEAN Business and Investment Summit, holds talks with Chinese Vice Premier



**Vice President U Nyo Saw holds talks with Chinese Vice Premier Mr. Ding Xuexiang at Liyuan State Guesthouse in Nanning.**

**Nanning September 16**

Vice President U Nyo Saw, accompanied by Union Minister for Commerce U Tun Ohn, Deputy Minister for Foreign Affairs U Naing Min Kyaw and departmental officials, left Yangon by air this morning to attend the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit to be held in Nanning, Guangxi Zhuang Autonomous Region, People's Republic of China. Yangon Region Chief Minister U Aung Naing Thu, the Commander of Yangon Region Command, Yangon Region ministers and officials from the Embassy of the People's Republic of China in Myanmar saw them off at Yangon International Airport.

In the afternoon, Vice President U Nyo Saw arrived in Nanning, People's Republic of China, and met with Vice Premier of the People's Republic of China Mr. Ding Xuexiang at Liyuan State Guesthouse in Nanning. During the meeting, they had cordial and frank discussions on the ongoing implementation of matters coordinated and discussed between the two countries, as well as agreements signed during President U Min Aung Hlaing's goodwill visit to the People's Republic of China; matters related to the implementation of projects under the China-Myanmar Economic Corridor; bilateral relations; stability and peace in border areas; promoting bilateral trade and investment; cooperation in combating transnational crimes, including online scams, between the two countries; and cooperation on regional and international affairs.

Also attending the meeting together with Vice President U Nyo Saw were Union Minister for Commerce U Tun Ohn, Bago Region Chief Minister U Myo Swe Win, Deputy Minister for Foreign Affairs U Naing Min Kyaw, Myanmar Ambassador to the People's Republic of China U Zaw Win Myint and officials.

In the evening, Vice President U Nyo Saw attended a welcome dinner hosted by Vice Premier of the People's Republic of China at the Liyuan International Conference Center.

MNA

---

*From Page 13*

It is a call for his immediate removal because someone who has violated national laws and committed financial fraud does not deserve the title of UN Permanent Representative for Myanmar.

**Second, I would like to highlight that Kyaw Moe Tun is not eligible under Rule-27, and Rule-29 The UN Permanent Representative position for Myanmar.**

**By the Rule-27 UN member states present credentials for their representatives to the Secretary-General, issued by the Head of State, Head of Government, or Minister for Foreign Affairs. Kyaw Moe Tun was nominated under this rule by the NLD government in 2020. By 2026, the NLD government that appointed him no longer exists, and his representation is clearly for a non-governmental, terrorist organization rather than Myanmar.**

Due to the decision made by the Credentials Committee five years ago, the Government of Myanmar has been unable to appoint an official Permanent Representative or Ambassador to its Mission to the United Nations. As a result, the governing administration operating under the constitution is deprived of presenting its policies at the UN, and opportunities to cooperate effectively with the UN on humanitarian aid for the people of Myanmar are being lost.

Therefore, the Credentials Committee is requested to bring to an end the continued deferral of Myanmar's representation, to cease recognizing Kyaw Moe Tun as Myanmar's representative under Rule 29, and to appoint the candidate proposed by the Head of the elected Government under Rule 27.

**Third, a person supporting an illegal terrorist group should not remain as a UN Permanent Representative. In this regard, an important consideration is whether the NUG which Kyaw Moe Tun represents, has been recognized or designated as a terrorist organization by the International Community. We are not asking the UN to designate the NUG as a terrorist organization, but presenting evidence that former Ambassador Kyaw Moe Tun should not be granted diplomatic immunity on the UN stage to openly support an organization currently monitored by international counter-terrorism bodies.**

The acts of violence committed by the NUG and its affiliate PDF groups designated as illegal terrorist organizations by a member state under existing laws are documented in terrorism index reports by the Global Terrorism Trends and Analysis Center.

Although the UN has not officially recognized the NUG or labeled it a terrorist organization, the NUG and its affiliated PDF groups continue to carry out targeted assassinations of innocent civilians under an "if you disagree, you are the enemy" mindset (labeling them dalans(informants)). They also destroy non-military state infrastructure, roads, and bridges, deliberately targeting education and health sectors under an "Utter Devastation Policy" aimed at internal instability. These facts have already been witnessed by the UN and Credentials Committee members.

Allowing a fugitive former ambassador, who represents neither the State nor the Government of Myanmar, to hold up a three-finger salute and openly support the NUG requires reconsideration by the Credentials Committee.

A critical concern is that enabling an unaccredited diplomat to challenge a state's authority from the UN floor sets a dangerous precedent, effectively normalizing betrayal of the sovereign Government.

The United Nations typically relies on precedent when addressing controversial matters, such as the case of fugitive Kyaw Moe Tun. If the Credentials Committee were to makes a politically biased decision to retain a law-breaking, criminal, and terror-supporting individual like Kyaw Moe Tun, it could set a troubling precedent, leading to a similar case in the future and undreaming the dignity, credibility and integrity of the United Nations.

The people of Myanmar believe it is inappropriate for the fugitive Kyaw Moe Tun to exploit diplomatic immunity to openly support and endorse the NUG and PDF—groups that the state government has designated as terrorist organizations in accordance with existing laws.

**The request of the people of Myanmar is neither a personal attack on Kyaw Moe Tun nor a demand for the UN to automatically remove him. Rather, it is an urgent call for the members of the Credentials Committee to act in accordance with UN regulations, and consider the appointment of the Permanent Representative proposed by the elected Government arising from current political developments.**


Therefore, the people of Myanmar view the true identity of the fugitive Kyaw Moe Tun's continued misuse of diplomatic immunity as unacceptable the true identity of him and request his removal as Myanmar's representative at the upcoming 81st Credentials Committee meeting.

***The request of the people of Myanmar is neither a personal attack on Kyaw Moe Tun nor a demand for the UN to automatically remove him. Rather, it is an urgent call for the members of the Credentials Committee to act in accordance with UN regulations, and consider the appointment of the Permanent Representative proposed by the elected Government arising from current political developments.***

# The True Identity of Fugitive Kyaw Moe Tun

Min Khant

In the near future, the United Nations Credentials Committee will review and decide on the appointment of Permanent Representatives and Ambassadors for UN member states.




"News of fugitive Kyaw Moe Tun spotted on social media"

The position of Ambassador is nominated by the respective government, the credentials of the representative was examined by a 9-member Credentials Committee.

Due to the political developments in 2021, consideration of the representation of Myanmar was deferred. However, Kyaw Moe Tun, who was appointed by the NLD government in October 2020, lacks official representation rights for Myanmar under Credentials Committee Rule-29. Since he has not yet been removed from his seat, he is currently seen acting in the capacity of an interim Permanent Representative at the UN.

Due to political legitimacy disputes over the government that assumed state responsibilities from 2021 to April 2026, former Ambassador Kyaw Moe Tun appointed by the NLD government has been able to act misleadingly in UN informal meetings as if he represents Myanmar.

In the upcoming Credentials Committee meeting during 81st United Nations General Assembly, member states must (consider whether to recognize the Permanent Representative nominated by the Government of Myanmar, or alternatively, to leave the seat vacant or defer consideration of the matter, as has been the practice in previous years).

Therefore, three key points are presented for the consideration of the members of the Credentials Committee and the broader UN Community, clarifying the status of former Ambassador Kyaw Moe Tun, and reflecting the legitimate demands and aspirations of the people of Myanmar.

**First, former Ambassador Kyaw Moe Tun is a traitorous employee and a fugitive who has been charged under the existing laws of Myanmar, a UN member state. The charges against him are not political; arrest warrants were issued for committing treason and rebellion against the state under Penal Code Section 122(2), Unlawful Associations Act Section 17(1), Public Property Protection Act Section 6(1) and Penal Code Section 124(1). Furthermore, as a high-ranking diplomat of the Ministry of Foreign Affairs, he failed to comply with State orders and directives, pledged allegiance to, and represented, an organization that was declared illegal. Consequently, he was dismissed from civil service on February 27, 2021 and legal action was taken against him under the Anti-Terrorist law and Cyber Communication Law 66(D).**

It has been learned through investigation that Kyaw Moe Tun, a fugitive facing arrest warrants for criminal offenses, misappropriated state funds belonging to the Permanent Mission of Myanmar to the UN in New York for personal gain. Successive Myanmar governments deposited operating expenses for the permanent mission to the UN into an official embassy account at Bank of America in New York. As of 2021, February, the Mission maintained the remaining balances of over 30,000 Euros and 2.8 million US Dollars. According to bank regulations, a joint account was opened under the names of the Ambassador and another individual to withdraw and utilize these funds.

The schemer Kyaw Moe Tun removed the joint signatory by exploiting the regulation of the Bank and the authority of the Ambassador so that he can gain sole control over the State funds held in the joint account for his personal use. These funds constitute State assets designated strictly for the operational expenditures of the Permanent Mission of Myanmar; personal use of these funds is prohibited, and the annual auditing in accordance with financial procedures is required. However, due to the fugitive Kyaw Moe Tun's misappropriation of these funds, it is learned that only a small amount of balance currently remains in the Bank of America account.

Thus, as a criminal fugitive, traitor Kyaw Moe Tun has also committed the offense of embezzling State assets. This financial crime caused loss to state funds during financial management, constituting corruption under Section 3(a) of the Anti-Corruption Law.

The Credentials Committee is requested not to allow such a morally corrupt individual and fugitive to stand or operate on the UN stage.

The schemer Kyaw Moe Tun committed high treason as part of a premeditated scheme to secure political asylum and residency in the United States using Mission-owned funds. In carrying out this scheme, he manipulated the Mission's official bank account to enable sole control for withdrawals, while also arranging for his parents and family members to enter the United States unlawfully through illegal channels so that they could reside with him.

Furthermore, to carry out his operational activities in New York, he facilitated the unlawful entry into the United States of former foreign service personnel who joined Disloyal Civil Servants (DCS)—namely, Su Su Aung, former Second Secretary of the Embassy of Myanmar in Washington D.C, Kaung Htet, former Second Secretary of the Embassy of Myanmar in Tel Aviv, Israel, and Zun Su Mon Oo, former attache of the Embassy of Myanmar in Phnom Penh, Cambodia—to serve as his assistants. Therefore, I would like to inform Your Excellency that his family members and assistants are individuals residing in the United States after entering through illegal channels under the pretext of refugees.

It is also learnt that certain Myanmar nationals abroad are currently organizing public rallies aimed to prevent his removal from the United Nations arena. The primary objective behind these events is merely to shield him from his criminal offenses, financial scandals, and the unlawful immigration status of his family members residing illegally in the United States. These rallies, conducted under the guise of public support gatherings in coordination with overseas NUG supporters, are nothing more than incitements promoting terrorism. The majority of his supporters are individuals who have migrated to foreign countries under various circumstances across successive Myanmar governments and have the hostility mindset toward the incumbent government.

**Rather than acting on genuine political conviction, most of these individuals exploit democracy and human rights in their host countries under a political cloak to secure financial grants and donations for personal comfort. Consequently, their so-called public rallies do not represent the vast majority of the Myanmar people who desire peace and stability of the nation. Instead, these are sham demonstrations organized by small gatherings to create photo opportunities for media coverage, serving solely to accord him personal protection in line with their usual pattern of activities.**


The Credentials Committee is requested by the People of Myanmar who want to live with peace and stability, not to allow such an individual whose conduct is inconsistent with the ethical standards expected of a public official and who remains a fugitive, to continue representing Myanmar or to act in its name within the United Nations.

This demand is not a personal attack, nor a request for the UN to arrest and punish him. *See Page 12*

***Third, a person supporting an illegal terrorist group should not remain as a UN Permanent Representative. In this regard, an important consideration is whether the NUG which Kyaw Moe Tun represents, has been recognized or designated as a terrorist organization by the International Community. We are not asking the UN to designate the NUG as a terrorist organization, but presenting evidence that former Ambassador Kyaw Moe Tun should not be granted diplomatic immunity on the UN stage to openly support an organization currently monitored by international counter-terrorism bodies.***

# 11 foreign nationals and 17 Myanmar citizens arrested with evidence for online gamstone sales fraud in Mahaaungmyay Township, Mandalay Region

Chart showing details of the suspects arrested in the online gemstone fraud case in Mahaaungmyay Township, Mandalay Region




**Nay Pyi Taw September 16**

As responsible people gave information that foreigners residing at the house on 80th street between 39th and 40th streets in East Mahaaungmyay Ward, Mahaaungmyay Township, Mandalay Region sell gemstones online fraud, the combined team including security personnel raided the house on the morning of 2 September 2026. The authorities arrested two Chinese men, two Indonesian men and two Indonesian women, one Malaysian man, six Myanmar men and seven women, totalling 20 along with 28 desktop computers, three laotop computers, two computer system boxes, 81 mobile phones, three tablets and related accessories used in online fraud.

Furthermore, on the evening of 3 September, a search was conducted at the residence of suspect Enkhun Kha Taom, who operates as the "MagDalenamoom Gemstone Trading" business, located at the corner of 68th and 101st Streets in Maha Myaing Ward 1, Mahaaungmyay Township. During the search, eight suspects allegedly involved in the online fraudulent sale of gemstones—including three Myanmar women, one Myanmar man and four Chinese men—were arrested. Seized from them were 498 mobile phones of various types, one tablet, one XL-type laptop, five computer system boards, one computer monitor, 15 bracelets believed to be jade, and other related items.

During interrogation, Chinese national Chen Xiao Dai, one of the arrested suspects, disclosed that he was the leader of the fraud operation and had illegally smuggled about 500 mobile phones of various types into Myanmar through the Laos border for use in online scams. He stated that fake jade finished products and low-quality finished products had been prepared and stockpiled at a three-storey building in Mahaaungmyay Township and at suspect Enkhun Kha Taom's gemstone sales compound. Ten stones of the same colours were placed in bags, while members of the group acted as participants in a lucky-draw-style scheme and livestreamed the sales online. Those who won the lucky draw were then falsely told that they had won a bag of raw jade as a prize but had to pay taxes and fees for its delivery. After receiving the money, the group blocked the victims. The proceeds from the fraud were transferred directly to bank accounts in Indonesia and Malaysia. Suspect Enkhun Kha Taom had opened a gemstone trading shop at her residence and worked together with Chinese national Chen Xiao Dai to fraudulently sell gemstones online.

In connection with the case, legal action is being taken against a total of 28 individuals—six Chinese nationals, one Malaysian national, four Indonesian nationals and 17 Myanmar nationals—for fraudulently selling fake gemstones and low-quality finished gemstone products online. 100



**Record photo of the arrest: 11 foreign nationals and 17 Myanmar nationals, along with seized evidence, arrested for running an online gemstone fraud operation in Mahaaungmyay Township, Mandalay Region.**



**Record photo of the arrested suspects: 9 foreign men and 2 foreign women arrested in connection with the online gemstone fraud case in Mahaaungmyay Township, Mandalay Region.**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဖောင်းပြင် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လက ပလာတူးငါးခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လတစ်လအတွင်း ပလာတူးငါးခြောက် ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးခြောက်များ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ ပလာတူးငါးခြောက်တွေ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာကို ဝယ်ယူအားကောင်းနေတာပါ။



ပြီးခဲ့တဲ့ တစ်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ငါးခြောက်မျိုးစုံလဲ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာပါ။ ပလာတူးငါးခြောက်တွေ ပုံမှန်ထက် ပိုမိုတင်ပို့ရောင်းချလာရတော့ လုပ်သားတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်ပြေနေပါတယ်" ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပိုင်ရှင်များသည် ပုစွန်အမျိုးမျိုး၊ ကဏန်းအမျိုးမျိုး၊ ငါးအမျိုးမျိုးအပြင် ငါးခြောက်မျိုးစုံကိုလည်း ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများသို့ ဆက်လက် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကန်ကြီးထောင့်မြို့နယ် ကညင်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကန်ကြီးထောင့် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်က ကညင်ငူကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကညင်ငူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်




# မင်းလှမြို့နယ် အရှေ့သင်အိုင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**မင်းလှ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အရှေ့သင်အိုင် ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများ၊ စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ကိုးဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အရှေ့သင်အိုင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

အေးမြတ်



# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေက ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် မူးယစ်ဆေးဝါးပြဿနာကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံးမူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း။

မြန်မာနိုင်ငံသည် လူလုပ်မူးယစ်ဆေးဝါးပြဿနာများနှင့် တိုးမြှင့်ရင်ဆိုင်နေရလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များအပြင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ပြည်နယ်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ထိ ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ပြည်တွင်းပဋိပက္ခဖြစ်ပွားနေမှုအပေါ်အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအပြင် လက်နက်၊ခဲယမ်းများဝယ်ယူခြင်းနှင့် လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်နေကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှသယ်ဆောင်ပြီး ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ “အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်” ကိုသုံးသပ်ပြင်ဆင်ရေးဦးစီးကော်မတီဖွဲ့စည်းကာ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 42 ၏ အောင်မြင်မှုများအပေါ် အခြေခံ၍စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးများသာမက ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ဓာတုပညာရှင်များဝင်ရောက်မှုကို တားမြစ်ရန်လိုအပ်ကြောင်း၊ ပင်လယ်ရေကြောင်း ထွက်ပေါက်များတွင် တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်တို့နှင့်ပူးပေါင်း၍ ပိတ်ဆို့ဖမ်းဆီးရန် လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ပြည်နယ်များ၌ KTV၊ Bar၊ Club၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် Hotel၊ Motel၊ တည်းခိုခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေးစစ်ဆေးကြပ်မတ်ပြီး စုံစမ်းဖော်ထုတ်ဖမ်းဆီးသွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လထိ မူးယစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော မူးယစ်တရားခံပြေး ၅၈ ဦး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်ပြီး ၂၀၂၅ ခုနှစ်အတွင်း အမှုပေါင်း ၆၈၅ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၄၂၈၅ သန်းကျော်၊ ၂၀၂၆ ခုနှစ် ဩဂုတ်လထိ အမှုပေါင်း ၃၅၆ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၃၅၈၅ သန်းကျော် သိမ်းဆည်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်လွှတ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများမှလူပုဂ္ဂိုလ်များနှင့်သတင်းပေးများကို ဆုကြေးငွေနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်အတူ လက်နက်၊ခဲယမ်းများ သိမ်းဆည်းရမိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ဆုကြေးငွေများ ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များက ကြိုတင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘိန်းစိုက်တောင်သူများ ဝင်ငွေရရှိမည့်လုပ်ငန်းများအပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများစိုက်ပျိုးရေးနှင့် ဈေးကွက်ရရှိရေးစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

အစားထိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များရရှိရေး၊ အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးစေ့များရရှိရေး၊ မြေဩဇာနှင့်ပိုးသတ်ဆေးများရရှိရေးဆောင်ရွက်ပေးရန်၊ မွေးမြူရေးတွင် ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်များထောက်ပံ့ခြင်း၊ သင်တန်းများပေးခြင်း၊ တိရစ္ဆာန်ကုသဆေးနှင့် ရောဂါကာကွယ်ဆေးများရရှိရေးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးစွဲသူများဆေးကုသမှုခံယူရေး စည်းရုံးဆောင်ရွက်ရန်၊ ဆေးကုသပြီးသူများ ထပ်မံမသုံးစွဲရေး နောက်ဆက်တွဲစောင့်ရှောက်မှုပေးရန်နှင့် ဝေးလံခက်ခဲသည့်ဒေသများတွင် မူးယစ်ဆေးစွဲရောဂါကုဌာနငယ်များ ဖွင့်လှစ်၍ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး အထောက်အပံ့များရရှိစေရန်၊ ကုသရေးစခန်းများတိုးချဲ့ဖွင့်လှစ်ရန်၊ ဆေးကုသမှုခံယူပြီးသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင်ဝင်ဆံ့လာစေရေးနှင့် မိမိဘဝရပ်တည်နိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း ပါဝင်တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖလမ်းမြို့နေပြည်သူများ MPT မိုဘိုင်းဖုန်း Sim card များကို ပြန်လည်အသုံးပြုနိုင်ရေးဆောင်ရွက်ပေး



**ဖလမ်း စက်တင်ဘာ ၁၆**

ဖလမ်းမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ MPT Mobile ဖုန်းလိုင်းများ ပြန်လည်ရရှိပြီဖြစ်သည့်အတွက် ယနေ့မှစတင်ပြီး ပြည်သူများ၏ MPT မိုဘိုင်းဖုန်း Sim card များ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကိုလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်တို့နှင့် သွားရောက်ကြည့်ရှုအားပေးသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့တွင် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားပြီး MEC-CDMA ဖုန်းလိုင်းကိုသာ အသုံးပြုနေခြင်းဖြစ်ကာ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT Mobile ဖုန်းလိုင်း ပြန်လည်ရှိပြီဖြစ်သည့်အတွက် ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းများသည် ဖလမ်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အခြေပြုပြီး MPT Mobile Sim card ကတ်ပျောက်၊ ကတ်ပျက်များကို ပြန်လည်လျှောက်ပေးခြင်း၊ Sim Card များမှတ်ပုံတင်ပေးခြင်းနှင့် Sim Card အသစ်များရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း 66/11kv ဓာတ်အားခွဲရုံအဆောက်အအုံ ပြန်လည်ပြုပြင်မှု၊ စက်ပစ္စည်းပျောက်ဆုံး၊ ပျက်စီးမှုအခြေအနေ၊ ဓာတ်အားခွဲရုံဝန်ထမ်းအိမ်ရာပြန်လည်ပြုပြင်မှု၊ ခရိုင်သစ်တောဦးစီးဌာန ရုံးအဆောက်အအုံ၊ အရာရှိနေအိမ်နှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ မြို့နယ်သစ်တောဦးစီးဌာနရုံးပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံအဆောက်အအုံများကို ပြုပြင်နေသည့်ဒေသခံကုမ္ပဏီများအနေဖြင့် စေတနာထားကာ စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းအရည်အသွေး၊ တည်ဆောက်မှုအရည်အသွေးကောင်းမွန်စေရေးနှင့်သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးစေရေးတို့ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်နှင့် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌တွေ့ဆုံကာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိစဉ် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးခဲ့မှုများနှင့်သဘောတူစာချုပ်များလက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံအောက်မှ စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကြား အွန်လိုင်းလိမ်လည်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညီညီစောသည် လိယွမ်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လာမည့် နွေရာသီအမီ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်နေသည့်စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မှာကြား



**နေပြည်တော် စက်တင်ဘာ ၁၆**

လာမည့် နွေရာသီအမီ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်နေသည့် စီမံကိန်းများ အချိန်မီပြီးစီးရေးကြိုးစား ဆောင်ရွက်ကြရန် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို လွင်သည် ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေရှိ ကေဗွီ ၂၃၀ ပျဉ်းမနားပင်မဓာတ် အားခွဲရုံနှင့် ရွှေမြို့ပင်မဓာတ်အားခွဲရုံတို့သို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ယခု မိုးရာသီကာလအတွင်း ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်မှု၊ ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနေစဉ်အတွင်း ဓာတ်အားစနစ်တစ်ခုလုံး ပြတ်တောက်ခြင်း (System Breakdown)ဖြစ်ပေါ်ရမှု အခြေ အနေ၊လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူးရန် ဆောင်ရွက်ထားမှုတို့ နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် System Break-down ဖြစ်ပေါ်မှုသည် ဓာတ်အားစနစ်တွင် လက်ခံနိုင်စရာမရှိသည့်အတွက် ပပျောက် စေရေးဆောင်ရွက်လျက်ရှိသော်လည်း အချိန် ကာလတစ်ခုကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်း သို့ဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်၏ အရေးကြီးနေရာများတွင် ဓာတ်အားလုံးဝ ပြတ်တောက်မသွားစေရေးနှင့် အမြန်ဆုံး ဓာတ်အားစနစ် ပြန်လည်မောင်းနှင်နိုင်ရေး အတွက် Battery Energy Storage System (BESS)စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန် စီမံ ဆောင်ရွက်လျက်ရှိရာ ဓာတ်အားပေးရမည့် နေရာများအလိုက် အနည်းဆုံးလိုအပ်မည့် ဝန်အားများကို တိကျစွာတွက်ချက်ထားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများကိုလည်း ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုယုံကြည်အားကိုးရသည့် လျှပ်စစ် ဓာတ်အားစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှု အပိုင်းသုံးပိုင်းလုံးတွင် ဟန်ချက်ညီတိုးတက် လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

"ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့"ဆောင်ပုဒ်ဖြင့် မန္တလေးတိုင်း ဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်း သိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံ မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်း ဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ် များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာ များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အပါ အဝင် အခြားဌာနများနှင့်ပူးပေါင်းပြီး အိုဇုန်း လွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲ မှုတိုက်ဖျက်ရေးအတွက် လစဉ်အသိပညာ ပေးခြင်း၊ ရေထုအရည်အသွေးနှင့်ဝန်းကျင် လေထုအရည်အသွေးစောင့်ကြည့်တိုင်းတာ ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိုဇုန်းလွှာပျက်စီးမှုကိုထိန်းချုပ်ကာကွယ် ရေးလုပ်ငန်းများတွင် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရား သူကြီးချုပ်တို့က ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်း လွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီ စာကုံးပြိုင်ပွဲအခြေခံပညာအထက်တန်းအဆင့် နှင့် အလယ်တန်းအဆင့်တို့တွင် ဆုရရှိသူများ ကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး နေ့အထိမ်းအမှတ်အသိပညာပေး Video Clip နှင့် ခင်းကျင်းပြသထားသည့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများ၊ အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

❖ **ညောင်တုန်းကျွန်းတာမှ**

တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာ ကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့် နေရာ ကို ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက် ခြင်း၊Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀') အတွင်း Steel Cable Groyne(သံမဏိကြိုး အသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက် ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Por-cupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများပူးပေါင်း၍ လူအင်အား၊ စက် ယန္တရားများဖြင့်အင်တိုက်အားတိုက် အရှိန် အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေ ကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြော မှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့ နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့်ကျေးရွာ အချို့ တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိ ကြောင်း သိရသည်။

အဆိုပါ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်း ပညာများအသုံးပြု၍ Geobags သဲအိတ် ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည် ခိုင်မာရေးလုပ်ငန်းများကို ယနေ့တွင် လူ အင်အား၊စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်း များ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်း များ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊အမှိုက်များကို နယ်မြေခံတပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့ များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်း ခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေး ခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင် ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူး နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးနှင့် ဝဝန်ပန်းတာရေဝင်ရောက်မှု ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တောင်ပို့သာနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အေးချမ်းသာစံပြတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊စစ်ရေယာဉ်များနှင့်တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ဒီနေ့ စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးလာရတဲ့ ရည်ရွယ်ချက်ကတော့ စစ်သမိုင်းပြတိုက်မှာပြသထားတဲ့ ပထမမြန်မာနိုင်ငံတော်ကြီးတည်ထောင်စဉ်ကစပြီးတော့ ယနေ့ခေတ်အချိန်ထိ တပ်မတော်ရဲ့လုပ်ဆောင်ထားတဲ့အရာတွေကို လာရောက်ပြီးတော့ လေ့လာခြင်းဖြစ်ပါတယ်ရှင်။ ကျောင်းသားတွေဟာဆိုလို့ရှိရင် တစ်နှစ်တာပတ်လုံး စာသင်ခန်းအတွင်းမှာပဲ အမြဲတမ်း သင်ခန်းစာတွေကို လေ့လာသင်ယူနေရတာပေါ့နော်။ ယခုလို လေ့လာရေးခရီးတွေကို လာရောက်လေ့လာရတဲ့အခါမှာ စာတွေ့ရော လက်တွေ့ရော နှစ်ခုစလုံး လေ့လာရတဲ့အတွက်ကြောင့်မို့လို့ အသိပညာတွေ ပိုပြီးတော့ ရရှိစေပါတယ်။ ကျွန်မတို့ ဆရာမတွေအနေနဲ့လဲ သင်ခန်းစာ သင်ကြားရတဲ့အခါမှာ ယခုလို လေ့လာရေးခရီးလေးတွေသွားပြီးတော့ ကျောင်းသားတွေနဲ့အတူတူလေ့လာရတဲ့အတွက်ကြောင့် ဗဟုသုတတွေလဲအများကြီး ရရှိပါတယ်။ အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့ အတွက်ကြောင့်မို့လို့ ကျောင်းသားတွေကလဲ စာသင်ခန်းအတွင်းမှာ သင်ခန်းစာတွေသင်ယူတဲ့အခါမှာ ပိုပြီးတော့ နားလည် ထိရောက်လာမှာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေအနေနဲ့လဲ ကျောင်းသားတွေကို သင်ကြားပေးတဲ့အခါမှာ ပိုပြီးတော့တိကျသေချာတဲ့ အချက်အလက်တွေကို သင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ယခုလိုမျိုး ကျောင်းသားရော၊ ဆရာရော သင်ခန်းစာတွေနဲ့ ပတ်သက်ပြီးတော့ တိကျနားလည်အောင် သင်ကြားပေးလိုက်တဲ့အခါမှာ ဒီကျောင်းသားတွေသည် နောင်တစ်ချိန်မှာ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ နိုင်ငံသားကောင်းတွေ ဖြစ်ထွန်း





လာမယ်လို့ မျှော်လင့်မိပါတယ်ရှင်။ အခုလိုမျိုးပေါ့နော်လေ့လာရေးခရီးတွေကို သွားခွင့်ရအောင်လို့ လုပ်ဆောင်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ တာဝန်ရှိသူတွေ ဒီစစ်သမိုင်းပြတိုက်မှာရှိတဲ့ တာဝန်ရှိအရာရှိတွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ဒီကိုလာရတဲ့ ရည်ရွယ်ချက်ကတော့ ဒီမှာ ခင်းကျင်းပြသထားတာတွေကို အသေးစိတ်လေ့လာသိရှိဖို့ပဲ ဖြစ်ပါတယ်ရှင်။ အခုလို အသေးစိတ်လေ့လာသိရှိဖို့ ပံ့ပိုးပေးထားတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်ရှင်။ သမီး ဒီစစ်သမိုင်းပြတိုက်မှာဆိုရင် စိတ်အဝင်စားဆုံးကတော့ လေယာဉ်ပျံပဲ ဖြစ်ပါတယ်ရှင်။ လေယာဉ်ရဲ့အသေးစိတ်တွေကိုလဲ လေ့လာခဲ့ရပါတယ်ရှင်။ သင်္ဘောရဲ့ အသေးစိတ်တွေကိုလဲ လေ့လာခဲ့ရပါတယ်ရှင်။ စာထဲမှာ သင်ရတဲ့စာတွေ့ထက် အပြင်မှာလက်တွေ့က ပိုကောင်းပြီးတော့ အထောက်အကူလဲ ဖြစ်စေပါတယ်ရှင်။ သမီးတို့ကို ဒီလိုရောက်အောင်ပို့ဆောင်ပေးတဲ့ အကြီးအမှူးတွေရော၊ ဆရာ၊ ဆရာမတွေရော ရှင်းပြပေးတဲ့ ဦးလေးတွေကိုရော အားလုံးပဲ ကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောသည်။ (၅၀၁)

**● နေရာကွက်၍မိုးကြီးနိုင်မှု**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၀ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်

မကြာမီကာလအတွင်း ကုလသမဂ္ဂရဲ့ ခန့်အပ်လွှာစိစစ်ရေးကော်မတီ (Credentials Committee)က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေရဲ့ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးများ ခန့်အပ်ဖို့အတွက် ပြန်လည်သုံးသပ်စိစစ်ဆုံးဖြတ်တော့မှာဖြစ်ပါတယ်။


အဲဒီသံအမတ်ကြီးရာထူးနေရာဟာ သက်ဆိုင်ရာ နိုင်ငံအစိုးရများက အမည်စာရင်းတင်သွင်းသူကို အဖွဲ့ဝင် ကိုးနိုင်ငံပါတဲ့ Credentials Committee က အရည်အချင်းစိစစ်ရွေးချယ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အတည်ပြုခန့်အပ်တဲ့ရာထူးဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာမြန်မာကိုယ်စားလှယ် သံအမတ်ကြီးရာထူးနေရာအတွက် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကြောင့် ကိုယ်စားပြုခွင့်ရှိသူကို ဆိုင်းငံ့(Deferral) ထားခံရပါတယ်။ ဒါပေမဲ့လည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက NLD အစိုးရခန့်အပ်ထားတဲ့ ကျော်မိုးထွန်းဟာ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်း Rule-29 အရ မြန်မာနိုင်ငံအတွက် တရားဝင်ကိုယ်စားပြုခွင့်မရှိပေမယ့် ကုလသမဂ္ဂ ထိုင်ခုံနေရာက ဖယ်ရှားခြင်း မပြုသေးလို့ လက်ရှိကုလသမဂ္ဂမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သဘောမျိုးနဲ့ ရပ်တည်လှုပ်ရှားနေတာမြင်တွေ့နေရပါတယ်။

၂၀၂၂ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဧပြီလထိ နိုင်ငံ့တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အစိုးရကို နိုင်ငံရေးအရ အသိအမှတ်ပြုမှု (Political Legitimacy)အရ အငြင်းပွားခဲ့ကြလို့ NLD အစိုးရက ခန့်အပ်တဲ့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်းဟာ ကုလသမဂ္ဂရဲ့ အလွတ်သဘော အစည်းအဝေးတွေမှာ မြန်မာနိုင်ငံ ကိုယ်စားပြုနေသလိုမျိုး ထင်ယောင်ထင်မှားလှုပ်ရှားခွင့်ရနေခြင်းဖြစ်ပါတယ်။

အခုလာမယ့် ၈၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကာလအတွင်း ကျင်းပမယ့် Credentials Committee အစည်းအဝေးမှာတော့ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးနေရာအတွက် လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုမယ့်သူကို အသိအမှတ်ပြုမလား၊ယခင်နှစ်များအတိုင်း မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ဆုံးဖြတ်ဖို့ ထပ်မံရွှေ့ဆိုင်းမလား၊ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်နေရာကို အလွတ်ထားမလားဆိုတာ Credentials Committee အဖွဲ့ဝင်နိုင်ငံတွေ ဆုံးဖြတ်ရတော့မှာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း Credentials Committee အဖွဲ့ဝင်နိုင်ငံများအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သိသင့်တဲ့ သံအမတ်ကြီးဟောင်း ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်ကို အချက်သုံးချက် ရှင်းလင်းချပြပြီး ပြည်သူများရဲ့ တရားဝင်တောင်းဆိုမှုများနဲ့ ဆန္ဒများကို ထုတ်ဖော်သွားမှာ ဖြစ်ပါတယ်။




လူမှုကွန်ရက်ပေါ်တွင် တွေ့ရှိရသည့် ဝရမ်းပြေး ကျော်မိုးထွန်း သတင်း

**ပထမဆုံးအချက်ကတော့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်းဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများအရ အရေးယူခံထားရတဲ့ သစ္စာဖောက် ဝန်ထမ်း၊ ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။ သူ့ကို အရေးယူထားတဲ့ပုဒ်မများဟာ နိုင်ငံရေး ပုဒ်မများမဟုတ်ဘဲ နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်လို့ ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂) အပါအဝင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တို့အရ ဖမ်းဝရမ်းထုတ်ထားခြင်းဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံခြားရေး ဝန်ကြီးဌာနက သံတမန်တစ်ဦးအနေနဲ့ နိုင်ငံတော်က ပေးအပ်တဲ့ အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ တရားမဝင်အဖွဲ့အစည်းကို သစ္စာခံ ကိုယ်စားပြုလှုပ်ရှားမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal) ခံထားရသူဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနဲ့ ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ)တို့အရ ထပ်မံတရားစွဲဆိုထားပြီးဖြစ်ပါတယ်။**

အဲဒီလို ရာဇဝတ်ပြစ်မှုတွေနဲ့ ဖမ်းဝရမ်းထုတ်ခံထားရတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းဟာ နယူးယောက်မြို့မှာရှိတဲ့ ကုလသမဂ္ဂဆိုင်ရာမြန်မာနိုင်ငံအဖွဲ့ရုံးပိုင် နိုင်ငံတော်ဘဏ္ဍာငွေတွေကိုလည်း ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း စုံစမ်းသိရှိရပါတယ်။ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးအတွက် ရုံးအသုံးစရိတ်တွေကို မြန်မာအစိုးရအဆက်ဆက်က သံရုံးပိုင်ငွေစာရင်းအဖြစ် နယူးယောက်မြို့ရှိ Bank of America မှာ အပ်နှံထားရှိပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလထိ ဘဏ်ငွေစာရင်းမှာ ၂ ဒသမ ၇၆ သန်းနဲ့ ယူရိုငွေ သုံးသောင်း ရှစ်ထောင်ကျော် ကျန်ရှိပြီး အဲဒီငွေများထုတ်ယူသုံးစွဲရန် Bank of America ရဲ့ စည်းမျဉ်းအရ သံအမတ်ကြီး ဆိုတဲ့အမည်နဲ့ အခြားသူတစ်ဦး ပေါင်းနှစ်ဦးနဲ့ Joint Account ဖွင့်လှစ်ထားရှိတယ်လို့ ကြားသိရပါတယ်။

အကြံသမား ကျော်မိုးထွန်းဟာ Joint Account ထဲမှာရှိတဲ့ နိုင်ငံတော်ဘဏ္ဍာငွေကြေးတွေကို ကိုယ်ကျိုးအတွက် အသုံးပြုနိုင်ဖို့ Bank ရဲ့ စည်းမျဉ်းနဲ့ သံအမတ်ကြီးအခွင့်အာဏာကို အသုံးချပြီး ပူးတွဲလက်မှတ်ရေးထိုးသူကို ဖယ်ရှားကာ သူတစ်ဦးတည်း ငွေထုတ်ယူနိုင်အောင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီငွေစာရင်းထဲမှာရှိတဲ့ ငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာငွေတွေဖြစ်ပြီး မြန်မာအဖွဲ့ရုံးရဲ့ အသုံးစရိတ်တွေဖြစ်ပါတယ်။ ကိုယ်ရေးကိုယ်တာအတွက် သုံးခွင့်မရှိသလို နိုင်ငံတော်ဘဏ္ဍာဖြစ်တာနဲ့အညီ နှစ်စဉ်ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ငွေစာရင်းစစ်ဆေးခံရမှာဖြစ်ပါတယ်။ အဲဒီငွေတွေကို ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ စာရင်းမရှိ၊ အင်းမရှိ အလွဲသုံးစားပြုလုပ်ထားမှုကြောင့် Bank of America Account ထဲမှာ လက်ကျန်အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ရာဇဝတ်မှုအရ တရားခံပြေးဖြစ်နေတဲ့ သစ္စာဖောက် ကျော်မိုးထွန်းဟာ နိုင်ငံတော်ဘဏ္ဍာတွေကို အလွဲသုံးစားပြုလုပ်တဲ့ပြစ်မှုကိုလည်း ကျူးလွန်ထားသူဖြစ်ပါတယ်။ အဲဒီငွေကြေးဆိုင်ရာပြစ်မှုဟာ နိုင်ငံတော်ဘဏ္ဍာကို စီမံခန့်ခွဲတဲ့လုပ်ငန်းစဉ်မှာ ဘဏ္ဍာငွေကြေးတွေ ထိခိုက်ဆုံးရှုံးစေခြင်းဖြစ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(က) အရ အဂတိလိုက်စားမှုငြိနိုင်ဖွယ်ရာရှိနေပါတယ်။

ဒါ့ကြောင့် ဒီလိုကိုယ်ကျင့်တရားပျက်ပြားနေတဲ့ အဂတိသမား၊ ဝရမ်းပြေး တစ်ဦးကို ကုလသမဂ္ဂစင်မြင့်ထက်မှာ လှုပ်ရှားခွင့်၊ ရပ်တည်ခွင့် မပြုသင့်ကြောင်း Credentials Committee ကို တောင်းဆိုချင်ပါတယ်။

အကြံသမား ကျော်မိုးထွန်းဟာ နိုင်ငံတော်ကို သစ္စာဖောက်ပြီး အဖွဲ့ရုံးပိုင်ငွေကြေးနဲ့ အမေရိကန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့နေထိုင်ဖို့ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ မြန်မာအဖွဲ့ရုံးပိုင်ငွေစာရင်းကို သူတစ်ဦးတည်းသဘောနဲ့ ထုတ်ယူသုံးစွဲလို့ရအောင် လုပ်ဆောင်ခဲ့သလို သူ့မိသားစုကိုလည်း သူနဲ့အတူနေနိုင်ဖို့ သူ့ရဲ့မိဘနဲ့ မိသားစုဝင်တွေကို အောက်လမ်းကနေ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခွင့်ရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။

ဒါ့ပြင် နယူးယောက်မှာ သူ့ရဲ့ရုံးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက သစ္စာဖောက်ဝန်ထမ်း (DCS) လုပ်ခဲ့သူများဖြစ်တဲ့ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးက ယခင်ဒုတိယအတွင်းဝန် စုစုအောင်၊ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှာရှိတဲ့ မြန်မာသံရုံးက ယခင်ဒုတိယအတွင်းဝန် ကောင်းထက်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာရှိတဲ့ မြန်မာသံရုံးက သံရုံးစာရေးမ ဇွန်ဆုမွန်ဦးတို့ကိုလည်း အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ခွင့်ရအောင် လုပ်ပေးခဲ့ပြီး သူ့ရဲ့လက်ထောက်များအဖြစ် အသုံးပြုထားကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် သူ့မိသားစုဝင်တွေနဲ့ လက်ထောက်များဟာ ဒုက္ခသည်များအဖြစ်ဟန်ဆောင်ပြီး တရားမဝင်လမ်းကြောင်းများမှ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်နေထိုင်သူများ ဖြစ်ကြပါတယ်။

**လတ်တလောမှာ သူ့ကို ကုလသမဂ္ဂအသိုင်းအဝိုင်းကနေ ဖယ်ရှားမခံရရေးအတွက် နိုင်ငံတကာရောက် မြန်မာတချို့က လူထုထောက်ခံပွဲတွေပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကလည်း သူ့ရဲ့ရာဇဝတ်ပြစ်မှုများ၊ ငွေကြေးအရှုပ်တော်ပုံများနဲ့ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ သူ့မိသားစုတွေကို အကာအကွယ်ရဖို့အတွက် ပြည်ပနိုင်ငံတွေမှာရှိတဲ့ NUG အားပေးထောက်ခံသူတွေနဲ့ ပြုလုပ်မယ့် လူထုထောက်ခံပွဲအမည်ခံ အကြမ်းဖက် အားပေးလှုံ့ဆော်ပွဲသာဖြစ်ပါတယ်။ သူ့ကို ထောက်ခံမယ့်သူအများစုဟာ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ပြည်ပနိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေထိုင်ကြသူတွေဖြစ်ပြီး လက်ရှိအစိုးရအပေါ် အမြင်မကြည်သူများသာဖြစ်ပါတယ်။**

အဲ့ဒီသူတွေဟာ နိုင်ငံရေးယုံကြည်ချက်အရ လှုပ်ရှားကြခြင်းထက် သူတို့ရောက်ရှိရာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြပြီး အနေချောင်အောင် ထောက်ပံ့ကြေးနဲ့ အလှူငွေရရှိအောင် နိုင်ငံရေးအရေခြုံ လုပ်စားနေကြတဲ့သူအများစုဖြစ်ကြပါတယ်။ဒါ့ကြောင့် သူတို့ရဲ့ လူထုထောက်ခံပွဲဆိုတာ ပြည်တွင်းက တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ မြန်မာပြည်သူအများစုကို ကိုယ်စားပြုခြင်းမရှိသလို ကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေးအရ အကာအကွယ်ပေးချင်လို့ သူတို့ရဲ့လုပ်နေကျပုံစံအတိုင်း လူနည်းနည်းစုပြီး သတင်းမီဒီယာမှာ ဓာတ်ပုံပြနိုင်အောင် လုပ်မယ့် အတုအယောင်ထောက်ခံပွဲသာဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်ရာထူးနေရာဆိုတာ သက်ဆိုင်ရာနိုင်ငံအစိုးရက ခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရတဲ့နေရာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာရမယ့်ကျင့်ဝတ်နဲ့ လုပ်ထုံးလုပ်နည်းတွေကို ဖောက်ဖျက်ပြီး ပုဂ္ဂိုလ်ရေးခံယူချက်၊ အစွန်းရောက် နိုင်ငံရေးယုံကြည်ချက်နဲ့ ကိုယ်ကျိုးစီးပွားအတွက် သံတမန်အခွင့်အရေး ရယူလှုပ်ရှားနေသူကို ကုလသမဂ္ဂအနေဖြင့် လက်မခံသင့်ကြောင်း

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

**တတိယအချက်ကတော့ တရားမဝင်အကြမ်းဖက်အဖွဲ့ကို ထောက်ခံအားပေးနေသူတစ်ဦးကို ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်မထားသင့်တဲ့ အချက်ဖြစ်ပါတယ်။ ဒီအချက်ကတော့ ဝရမ်းပြေး ကျော်မိုးထွန်း ကိုယ်စားပြုရပ်တည်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာက အသိအမှတ်ပြု မပြုဆိုတာက အရေးကြီးတဲ့ ရှုမြင်ချက်ဖြစ်မယ်ထင်ပါတယ်။ ရှင်းလင်းစွာ သိစေလိုတာကတော့ NUG အဖွဲ့ကို ကုလသမဂ္ဂအနေနဲ့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပေးဖို့တောင်းဆိုနေခြင်းမဟုတ်ဘဲ နိုင်ငံတကာအကြမ်းဖက် နှိမ်နင်းရေးအဖွဲ့အစည်းများက စောင့်ကြည့်ခံနေရတဲ့ NUG အဖွဲ့ကို သံအမတ်ဟောင်း ကျော်မိုးထွန်းက ကုလသမဂ္ဂစင်မြင့်ထက်မှာ သံတမန်ကင်းလွတ်ခွင့် (Diplomatic Immunity) ရယူပြီး ပေါ်ပေါ်တင်တင် ထောက်ခံရပ်တည်ခွင့်မပေးသင့်ကြောင်း အထောက်အထားများဖြင့် တောင်းဆိုနေခြင်းဖြစ်ပါတယ် . . .**

တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူများက တောင်းဆိုနေခြင်းဖြစ်ပါတယ်။

ဒီတောင်းဆိုချက်ဟာ သူ့ကိုပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်နေခြင်း မဟုတ်သလို ကုလသမဂ္ဂအနေနဲ့ ဖမ်းဆီးအပြစ်ပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ပါဘူး။ နိုင်ငံတစ်ခုရဲ့ တည်ဆဲဥပဒေတွေချိုးဖောက်ပြီး ငွေကြေးလိမ်လည်မှုများ ကျူးလွန်ထားသူတစ်ဦးဟာ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ မထိုက်တန်လို့ သူ့ကို အမြန်ဆုံး ဖယ်ရှားပေးရန် တောင်းဆိုနေခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ရွေးချယ်မယ့် လုပ်ထုံးလုပ်နည်း Rule–27၊ Rule–29 များအရ သံအမတ်ဟောင်း ကျော်မိုးထွန်း မကိုက်ညီတော့တဲ့ အချက်ကို ရှင်းပြလိုပါတယ်။

Rule–27 အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက မိမိတို့နိုင်ငံရဲ့ကိုယ်စားလှယ်ကို ခန့်အပ်ပေးဖို့ Credentials ကို နိုင်ငံတော်အကြီးအကဲ (Head of State)၊ အစိုးရအကြီးအကဲ (Head of Government) သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ တင်ပြရပါတယ်။ အဲဒီစည်းမျဉ်းအရ သံအမတ်ဟောင်း ကျော်မိုးထွန်းကို ၂၀၂၀ ပြည့်နှစ် အဲဒီအချိန်က NLD အစိုးရက ခန့်အပ်ဖို့ အမည်စာရင်းတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အခု ၂၀၂၆ ခုနှစ်မှာတော့ သူ့ကို ခန့်အပ်ခဲ့တဲ့ NLD အစိုးရ မရှိတော့သလို သူ့ရဲ့ကိုယ်စားပြုမှုက မြန်မာနိုင်ငံ အတွက်မဟုတ်ဘဲ အစိုးရမဟုတ်တဲ့ အကြမ်းဖက် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုနေတာ ထင်ရှားလှပါတယ်။

Credentials Committee ရဲ့ လွန်ခဲ့တဲ့ ငါးနှစ်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကြောင့် ကုလသမဂ္ဂမှာရှိနေတဲ့ မြန်မာအဖွဲ့ရုံးမှာ အမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီး တရားဝင်ခန့်အပ်နိုင်ခြင်းမရှိလို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံကိုအုပ်ချုပ်နေတဲ့ အစိုးရတစ်ရပ်ရဲ့မူဝါဒတွေကို ကုလသမဂ္ဂမှာ တင်ပြခွင့်ဆုံးရှုံးနေရသလို မြန်မာပြည်သူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီရရှိရေး ကိစ္စတွေကိုလည်း ကုလသမဂ္ဂနဲ့ပူးပေါင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်မယ့် အခွင့်အရေးများ ဆုံးရှုံးလျက်ရှိနေပါတယ်။

ဒါ့ကြောင့် Credentials Committee အနေဖြင့် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုဆုံးဖြတ်ရန် ဆက်လက်ဆိုင်းငံ့ထားခြင်းကို အဆုံးသတ်ပြီး Rule–29 အရ ဖယ်ရှားခြင်းမပြုသေးတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားပေးဖို့နဲ့ Rule–27 အရ ရွေးကောက်ခံအစိုးရအဖွဲ့ရဲ့ အကြီးအကဲက အဆိုပြုသူကိုသာ ခန့်အပ်ပေးဖို့ တောင်းဆိုလိုပါတယ်။

တတိယအချက်ကတော့ တရားမဝင်အကြမ်းဖက်အဖွဲ့ကို ထောက်ခံအားပေးနေသူတစ်ဦးကို ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်မထားသင့်တဲ့အချက်ဖြစ်ပါတယ်။ ဒီအချက်ကတော့ ဝရမ်းပြေးကျော်မိုးထွန်း ကိုယ်စားပြုရပ်တည်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာက အသိအမှတ်ပြု၊ မပြုဆိုတာက အရေးကြီးတဲ့ ရှုမြင်ချက်ဖြစ်မယ်ထင်ပါတယ်။ ရှင်းလင်းစွာ သိစေလိုတာကတော့ NUG အဖွဲ့ကို ကုလသမဂ္ဂအနေနဲ့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပေးဖို့တောင်းဆိုနေခြင်းမဟုတ်ဘဲ နိုင်ငံတကာ အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့အစည်းများက စောင့်ကြည့်ခံနေရတဲ့ NUG အဖွဲ့ကို သံအမတ်ဟောင်း ကျော်မိုးထွန်းက ကုလသမဂ္ဂစင်မြင့်ထက်မှာ သံတမန်ကင်းလွတ်ခွင့် (Diplomatic Immunity) ရယူပြီး ပေါ်ပေါ်တင်တင် ထောက်ခံရပ်တည်ခွင့် မပေးသင့်ကြောင်း အထောက်အထားများဖြင့် တောင်းဆိုနေခြင်းဖြစ်ပါတယ်။

Member State တစ်ခုက တည်ဆဲဥပဒေများနှင့်အညီ တရားမဝင်အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကို ထုတ်ပြန်ထားတဲ့ NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်လုပ်ရပ်များကို ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များကို စောင့်ကြည့်မှတ်တမ်းတင်နေတဲ့ Global Terrorism Trends and Analysis Center ရဲ့ အကြမ်းဖက်မှုအညွှန်းကိန်းအစီရင်ခံစာများမှာ အဲဒီ NUG အဖွဲ့နဲ့ PDF အဖွဲ့များရဲ့ အကြမ်းဖက်မှတ်တမ်းများကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ကုလသမဂ္ဂအနေနဲ့ NUG အကြမ်းဖက်အဖွဲ့ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမထားသလို Terrorist Organization အဖြစ်လည်း မသတ်မှတ်ထားပေမယ့်NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက သူတို့ကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူတွေကို ငါနဲ့မတူ ငါ့ရန်သူအယူအဆဖြင့် ဒလန်အမည်တပ်ပြီး ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုတွေ၊ တော်လှန်ရေးအမည်ခံပြီး စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံ၊ လမ်းတံတားဖျက်ဆီးမှုတွေနဲ့ NUG အဖွဲ့ရဲ့ အဓိကဦးတည်ချက်ဖြစ်တဲ့ ပြည်တွင်းတည်ငြိမ်မှု ပျက်ပြားစေရေးအတွက် ချမှတ်ထားတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားအကြမ်းဖက်တိုက်ခိုက်မှုများကို ကုလသမဂ္ဂအပါအဝင် Credentials အဖွဲ့ဝင်နိုင်ငံများ သိရှိမြင်တွေ့ကြပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် ကုလသမဂ္ဂမှာ မြန်မာနိုင်ငံ (State)နဲ့ မြန်မာအစိုးရ(Government)ကို ကိုယ်စားပြုခွင့်မရှိတဲ့ ဝရမ်းပြေး သံအမတ်ဟောင်း တစ်ယောက်က လက်သုံးချောင်းထောင်ပြီး နိုင်ငံတကာအကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တွေက စောင့်ကြည့်ခံနေရတဲ့ NUG အကြမ်းဖက်အဖွဲ့ကို ပြောင်ပြောင်တင်းတင်း ထောက်ခံရပ်တည်လှုပ်ရှားခွင့်ပြုနေခြင်းကို Credentials Committee အနေဖြင့် ပြန်လည်စဉ်းစား သုံးသပ်သင့်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။

ရိုးသားစွာ အသိပေးလိုတဲ့ အချက်ကတော့ ဝရမ်းပြေးကျော်မိုးထွန်းကို ဖယ်ရှားခြင်းမပြုတဲ့ အခြေအနေဟာ ကုလသမဂ္ဂ သံအမတ်အရေခြုံပြီး အကြမ်းဖက်အားပေးထောက်ခံသူတစ်ယောက်က ကုလသမဂ္ဂစင်မြင့်ထက်ကနေ ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကိုပုန်ကန်ပြီး နိုင်ငံတော်ကို သစ္စာဖောက်နေတဲ့ လုပ်ရပ်ဟာ တရားဝင်သလိုလို အစဉ်အလာဖြစ်သွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာပိုင်အစိုးရအပေါ် သစ္စာဖောက်ဖျက်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကုလသမဂ္ဂစင်မြင့်ထက်ကနေ ဆန့်ကျင်လှုပ်ရှားခွင့်ပေးတဲ့ လုပ်ရပ်ဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ပေးသကဲ့သို့ ဖြစ်စေနိုင်ပါတယ်။

Credentials Committee မှာ နှစ်စဉ် ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးများ ရွေးချယ်ခန့်အပ်ရန် စိစစ်မှုလုပ်ငန်းစဉ်များမှာ ဝရမ်းပြေးကျော်မိုးထွန်းလို အငြင်းပွားဖွယ်ရာ Credentials Issue ရှိလာနိုင်ပါတယ်။ ကုလသမဂ္ဂအနေနဲ့ အငြင်းပွားဖွယ်ကိစ္စရပ်တိုင်းမှာ ရှေ့အစဉ်အလာကို နောက်ကပြန်ပြီး လုပ်လေ့ရှိကြပါတယ်။ ဒါ့ကြောင့် ယခု ဝရမ်းပြေး ကျော်မိုးထွန်းလို အကြမ်းဖက်အားပေး သစ္စာဖောက်တစ်ယောက်က သံတမန်အရေခြုံပြီး ငွေကြေးရှုပ်ထွေးမှုအပါအဝင် ရာဇဝတ်မှု ကျူးလွန်သူတစ်ဦးကို ဥပဒေစည်းမျဉ်းများနဲ့မညီဘဲ ကုလသမဂ္ဂမှာ ဆက်လက်ထားရှိရန် နိုင်ငံရေးအရ ဘက်လိုက်ဆုံးဖြတ်ခဲ့ရင် နောင်မှာလည်း အလားတူ ဖြစ်စဉ်တွေရှိလာနိုင်လို့ ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာ၊ ယုံကြည်စိတ်ချမှုနဲ့ ဖြောင့်မတ်တည်ကြည်မှုတွေကို များစွာထိခိုက်နိုင်ကြောင်း သတိပြုစေချင်ပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကုလသမဂ္ဂ သံတမန်ကင်းလွတ်ခွင့်ကို အသုံးချပြီး နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေနဲ့အညီ အကြမ်းဖက်အဖွဲ့အစည်း သတ်မှတ်ထားတဲ့ NUG၊ PDF အဖွဲ့တွေကို ပြောင်ပြောင်တင်းတင်း ထောက်ခံအားပေးမှုပြုလုပ်နေတာ မဖြစ်သင့်ဘူးလို့ မြန်မာပြည်သူတွေက ထင်မြင်ယူဆနေကြပါတယ်။

**မြန်မာပြည်သူတွေရဲ့ တောင်းဆိုချက်ဟာ ဝရမ်းပြေးကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်ပြီး ကုလသမဂ္ဂအနေနဲ့ အလိုအလျောက်ဖယ်ရှားပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ UN Credentials Committee ရဲ့ ဆိုင်းငံ့ (Deferral)ထားခြင်းကို ယခုနှစ်မှာ ပြန်လည်စိစစ်သုံးသပ်ပြီး လက်ရှိပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံ့အုပ်ချုပ်ရေးယန္တရားကိုလည်းပတ်နေတဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုထားတဲ့ နိုင်ငံကိုယ်စားပြု သံအမတ်ကြီးကို တရားဝင်ခန့်အပ်ခွင့်ပြုဖို့ Credentials Committee မှာ ပါဝင်လာမယ့် နိုင်ငံတွေကို ကုလသမဂ္ဂလုပ်ထုံးလုပ်နည်းတွေနဲ့အညီလုပ်ဆောင်ပေးရန် အရေးပေါ်တောင်းဆိုခြင်းသာဖြစ်ပါတယ် . . .**

**မြန်မာပြည်သူတွေရဲ့ တောင်းဆိုချက်ဟာ ဝရမ်းပြေးကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်ပြီး ကုလသမဂ္ဂအနေနဲ့ အလိုအလျောက်ဖယ်ရှားပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ UN Credentials Committee ရဲ့ ဆိုင်းငံ့ (Deferral)ထားခြင်းကို ယခုနှစ်မှာ ပြန်လည်စိစစ်သုံးသပ်ပြီး လက်ရှိပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံ့အုပ်ချုပ်ရေး ယန္တရားကိုလည်းပတ်နေတဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုထားတဲ့ နိုင်ငံကိုယ်စားပြုသံအမတ်ကြီးကို တရားဝင်ခန့်အပ်ခွင့် ပြုဖို့ Credentials Committee မှာ ပါဝင်လာမယ့်နိုင်ငံတွေကို ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ဆောင်ပေးရန် အရေးပေါ်တောင်းဆိုခြင်းသာ ဖြစ်ပါတယ်။**

ဒါ့ကြောင့် ဝရမ်းပြေး ကျော်မိုးထွန်းရဲ့သရုပ်မှန်ကို ထည့်သွင်းစဉ်းစားပြီး မကြာမီကာလအတွင်း ကျင်းပတော့မယ့် ၈၁ ကြိမ်မြောက် Credentials Committee အစည်းအဝေးမှာ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ဝရမ်းပြေးကျော်မိုးထွန်းကို ဖယ်ရှားပေးနိုင်ပါရန် တောင်းဆိုလိုက်ရပါတယ်။

**မင်းခန့်**

# ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**မော်လမြိုင် စက်တင်ဘာ ၁၆**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး ရုံးဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)တွင် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်ပေးနေမှုသင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကို ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဘားအံမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကော့ကလောက်-ကော့နိုင် ခလုံးကျေးရွာချင်းဆက်လမ်း ပေ ၃၈၄၀ ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**❑ ပြည်နှင်စေလွှတ်မှ**

အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်ခဲ့သည်။

အဆိုပါ အမေရိကန်နိုင်ငံသား Adam Michael Castillo သည် The American Chamber of Commerce in Myanmar (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်း)၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ ကန့်သတ်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၈ ရက်တွင် ပန်းဘဲတန်းမြို့မရဲစခန်းက (ပ)၆၉/ ၂၀၂၆ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်လှစ်အရေးယူထားရှိသည့် အမှုမှ တရားခံဖြစ်ပြီး ၎င်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကိုရှေးရှုလျက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

**❍ ဒီးကူပွဲတော်မှ**

ယနေ့ နံနက် ၆ နာရီကစတင်၍ ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့ရှိ ကယားပိုင်းရပ်ကွက်၌ ကျင်းပသည်။

ပွဲတော်အစဉ်လာအရ ကွယ်လွန်သွားရှာပြီဖြစ်သော ဘိုးဘွားမိဘဆွေမျိုးများကို ရိုးရာလိပ်ပြာခေါ်ယူခြင်း၊ ညှဲ့ခံကျွေးမွေးခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စိုက်ပျိုးသီးနှံ အောင်မြင်ဖြစ်ထွန်းစေရေး ရည်သန်လျက် ကုသိုလ်ပြုဆောင်ရွက်ကြရသော ဓလေ့ထုံးတမ်းပင်ဖြစ်ပေသည်။

အဆိုပါပွဲတော်ရက်မြတ်ကို ဘောလခဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ ဘောလခဲခွေ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်မောင်မောင်ဦး၊ ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးကော်မတီဝင်များ တက်ရောက်၍ ဂုဏ်ပြုအလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇော်လင်း**

**✱ စက်သုံးဆီအရောင်းဆိုင်များမှ**

အမှန်တကယ် လာရောက်ဝယ်ယူသည့် ယာဉ်များကိုသာ Scan ဖတ်ရောင်းချရန်၊ မသမာသောနည်းလမ်းဖြင့် QR Code၊ Barcode ရောင်းအားမြင့်တက်စေရန်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာအရောင်းဆိုင်၊ လုပ်ငန်းရှင်၊ ကုမ္ပဏီများသို့ ကြိုတင်အသိပေးအကြောင်းကြားထားရှိပြီးဖြစ်သည်။

သို့သော် အချို့သောအရောင်းဆိုင်များသည် မူရင်း QR Scan ဖတ်ခြင်း မပြုလုပ်ဘဲ ယာဉ်နံပါတ်များကိုရိုက်ထည့်၍ စက်သုံးဆီဝယ်ယူခွင့်(PO) ပိုမိုရရှိစေရေးဆောင်ရွက်နေကြောင်း Control Centre မှ စစ်ဆေးတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သည့် အရောင်းဆိုင် ၂၀ ကို စက်သုံးဆီဝယ်ယူခွင့်(PO) ပမာဏလျှော့ချခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ပြင်းထန်စွာသတိပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စနစ်တကျဖြစ်စေရေးအတွက် နည်းပညာဖြင့် ထိန်းချုပ်နေခြင်းဖြစ်ရာ ဌာနအနေဖြင့် Control Centre က စောင့်ကြည့်စစ်ဆေးနေသကဲ့သို့ နည်းပညာအဆင့်မြှင့်တင်ခြင်းကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

အလားတူဖြစ်စဉ်မျိုးထပ်မံတွေ့ရှိလာပါက စက်သုံးဆီအရောင်းဆိုင်ကို အမြဲတမ်းပိတ်သိမ်းပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အရောင်းဆိုင်များကို စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတိပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သား သမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ စမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ စမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ စမ်းရွာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါး၊ ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လူမှုကရုဏာအကူအညီများပေးရေး လုပ်ငန်းများတွင်အသုံးပြုရန် အလှူငွေလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၆**

ရေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လူမှုကရုဏာအကူ အညီများပေးရေးလုပ်ငန်းများတွင် အသုံး ပြုရန်အတွက် "KBZ BANK" မိသားစုက ယမန်နေ့က အသင်းရန်ကုန်ရုံးခွဲသို့ အလှူငွေများ လာရောက်လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် "KBZ BANK" မိသားစုက အလှူငွေကျပ် ၈၂၀၁၅၅၀၀ ကို မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ အသင်းအလုပ်အမှုဆောင်များ၊ KBZ BANK မှ CEO ဦးဇော်လင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ **ပန်ကြပ်ဆီလက်ပြိုင်ပွဲမှ**

အမျိုးသားအတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅၊ ၆၅-၇၀)ကီလိုတန်းပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီးအတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၀-၄၅၊ ၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅)ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားအပြပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်ဇော်ဟိန်း(အပြာ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထူးဝေယံဦး(အနီ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လရောင်လင်း(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်စောရှင်(အပြာ)ကို လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ကျော်ဆန်းလင်း(အနီ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မောင်ဇန်(အပြာ)ကိုလည်းကောင်း၊ အမျိုးသမီးအပြပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းကင်ချို(အပြာ)က ကယားပြည်နယ်အသင်းမှ မေမြတ်သွယ်(အနီ)ကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝါဝါဌေး(အနီ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခင်သော်တာဆန်း(အပြာ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဆွေဇင်စု(အနီ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သဲဘရဏီစိုး(အပြာ)ကို လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မေသက်မှူး(အပြာ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မူရွှေကြာအေး(အနီ)ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဝင်းဝင်းခိုင်(အနီ)က ကရင်ပြည်နယ်အသင်းမှ ဂျူးခန့်ငြားခင်(အပြာ)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသားအပြသုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဖွဲ့ထက်အောင်၊ ဇေယျာလင်းနှင့် ထိန်လင်းတို့အတွဲ(အပြာ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စွမ်းပြည့်ဦး၊ ကျော်မင်းခန့်နှင့် ဖြိုးမင်းထွေးတို့အတွဲ(အနီ) ကိုလည်းကောင်း၊ အမျိုးသမီးအတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခင်နှင်းဖြူ(အနီ)က ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အပြာ)ကိုလည်းကောင်း၊ (၅၅-၆၀)ကီလိုတန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ သီတာအောင်(အနီ)က ကရင်ပြည်နယ်အသင်းမှ နန်းသဥ္ဇာမိုး(အပြာ)ကိုလည်းကောင်း၊ (၆၀-၆၅)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဇိုးဝါးနာ(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ သီရိမြတ်နွယ်(အနီ)ကိုလည်းကောင်း၊ (၅၀-၅၅)ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နှင်းဦးလှိုင်(အပြာ)က မွန်ပြည်နယ်အသင်းမှ သွင်ဇွန်ဝင်း(အနီ)ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသားအတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀)ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းသူရလင်း(အပြာ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖြိုးဝေအောင်(အနီ) ကိုလည်းကောင်း၊ (၆၀-၆၅)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ သိန်းဇော်ဦး(အနီ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးဦး(အပြာ)ကိုလည်းကောင်း၊ (၆၅-၇၀) ကီလိုတန်းပြိုင်ပွဲ တွင် ရှမ်းပြည်နယ်အသင်းမှ နေထူးပိုင်(အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထွဋ်အောင်(အနီ)ကိုလည်းကောင်း၊ (၅၀-၅၅)ကီလိုတန်းပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းမှ နေလင်းအောင်(အပြာ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရန်ကိုကျော်(အနီ)ကိုလည်းကောင်း၊ (၅၅-၆၀)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းခန့်ထူး(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ငြိမ်းချမ်းအောင်(အနီ)ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် **(ယနေ့)** နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး အပြပြိုင်ပွဲများနှင့် အမျိုးသား၊ အမျိုးသမီးအတိုက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




☆ **ကျောဖုံးမှအဆက်**

U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲ့ကပင် အားကစားကွင်း၌လည်းကောင်း ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်လေးဇုန်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ဦးရေ ၃၇၀၀ ကျော်ခန့် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။


၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံး ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲ့ကပင် အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် **(ယနေ့)** ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲ့ကပင်အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဘားအံ၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်မြို့တို့ရှိ သက်ဆိုင်ရာ အားကစားကွင်းများ၌လည်းကောင်း၊ ရှုံးထွက် ပွဲစဉ်မှစတင်၍ ဗိုလ်လုပွဲ ပွဲစဉ်ထိ ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ပဒေသာကွင်း၊ သန်လျင်ကွင်း၊ ပဒုမ္မာကွင်းတို့တွင်လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်း ပြိုင်ပွဲဝင် စုစုပေါင်း ၃၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် Online အသုံးပြု၍ ကျောက်မျက်ရတနာများလိမ်လည်ရောင်းချမှုမှ ဖမ်းဆီးရမိသည့် တရားခံများ အခြေပြဇယား






မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ Online အသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချသည့်အမှုမှ ဖမ်းဆီးရမိသည့် ပြည်ပနိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦးတို့၏ မှတ်တမ်းဓာတ်ပုံ။

■ **ဖော်ထုတ်ဖမ်းဆီးရမိမှု**

ဝင်ရောက်ရှာဖွေခဲ့ရာ Online အသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည်ရောင်းချလျက်ရှိသည့် တရုတ်နိုင်ငံသား Mr.Chen Xiao Dai (ချိန်ရှောင်းတိုက်) ဦးဆောင်သည့် တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦး၊ အင်ဒိုနီးရှား နိုင်ငံသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း တရားခံ ဦးရေ ၂၀ တို့ကို Online လိမ်လည်ရာတွင် အသုံးပြုသည့် Desktop Computer ၂၈ လုံး၊ Laptop Computer သုံးလုံး၊ ကွန်ပျူတာ System Box နှစ်လုံး၊ ဖုန်း ၈၁ လုံး၊ Tablet သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)ရပ်ကွက် ၆၈ လမ်းနှင့် ၁၀၁ လမ်းထောင့်ရှိ တရားခံ အင်ခွန်ခါးတောမ် ၏ "မက်ဒါလီနမွန် (MagDalenamoom) ကျောက်မျက်ရတနာ ရောင်းဝယ်ရေး" နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ Online အသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည် ရောင်းချလျက်ရှိသော ကွင်းဆက်တရားခံများ ဖြစ်ကြသည့် အင်ခွန်ခါးတောမ်ပါ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦး၊ အမျိုးသား တစ်ဦးနှင့် တရုတ်နိုင်ငံသား အမျိုးသား လေးဦး စုစုပေါင်း တရားခံ ရှစ်ဦးတို့ကို ဖုန်းမျိုးစုံ ၄၉၈ လုံး၊ Tablet တစ်လုံး၊ XL အမျိုးအစား Laptop တစ်လုံး၊ Computer System Board ငါးလုံး၊ Computer Monitor တစ်လုံး၊ ကျောက်စိမ်းဟုယူဆရသည့် လက်ကောက် ၁၅ ကွင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)ကို စစ်ဆေးရာ ၎င်းသည်လိမ်လည်မှုများကို ခေါင်းဆောင်သူဖြစ်ပြီး Online လိမ်လည်မှုပြုလုပ်ရန် ဖုန်းမျိုးစုံ အလုံး ၅၀၀ ခန့်ကို လာအိုနိုင်ငံနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် သယ်ယူခဲ့ကြောင်း၊ မဟာအောင်မြေမြို့နယ်ရှိ သုံးထပ်တိုက်နှင့် တရားခံ အင်ခွန်ခါးတောမ်၏ ကျောက်မျက်အရောင်းခြံတို့၌ ကျောက်စိမ်းအချောထည် အတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို ကြိုတင်ပြင်ဆင်စုဆောင်းထားကာ အရောင်တူကျောက် ၁၀ လုံးကို အိတ်များအတွင်းထည့်၍ ၎င်းတို့၏ အဖွဲ့ဝင်များက ကံစမ်းသည့်ပုံစံဖြင့် သရုပ်ဆောင်ကာ Live လွှင့်ပြီး ရောင်းချကြောင်း၊ ကံစမ်းမဲပေါက်သူများကို ကျောက်စိမ်းအကြမ်းထည် တစ်အိတ် လက်ဆောင်ရရှိသဖြင့် ပေးပို့ရန် အခွန်အခပေးရမည်ဟုလိမ်လည်၍ ငွေများ လက်ခံရယူပြီးနောက် Block ခဲ့ကြောင်း၊ လိမ်လည်ရာမှရရှိသည့် ငွေများကို အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံရှိ Bank Account များသို့ တိုက်ရိုက်ငွေလွှဲပေးပို့စေခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားခံ အင်ခွန်ခါးတောမ်သည် ၎င်း၏နေအိမ်ကို ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဆိုင် ဖွင့်လှစ်ပြီး တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)နှင့်အတူ Online အသုံးပြုကာ ကျောက်မျက်ရတနာ လိမ်လည်ရောင်းချသည့် အလုပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် Online အသုံးပြု၍ ကျောက်မျက်ရတနာအတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လိမ်လည်ရောင်းချသူ တရုတ်နိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ မြန်မာနိုင်ငံသား ၁၇ ဦး စုစုပေါင်း ၂၈ ဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ထိုနေ့က တက်သောကြောင့် ကျသည်

မစန္ဒာ



**ယမန်နေ့မှအဆက်**

ကန်စွန်းရွက်ခြွေပြီးပြီမို့ လေးဖက်ထောက်ပြီး ထရန် ကြိုးစားနေသော ဒေါ်ရွှေခင်ကို အငယ်ကောင်က ဆွဲထူနေသည်။ အကြီးကောင်က စိတ်မကောင်းဟန်နှင့် လှမ်းကြည့်သည်။

"အဖေရော ဘာလေးများစားချင်လဲဟင်"

အကြီးကောင်က အိမ်ပေါ်မှ ဆင်းမည့်ဟန်ပြင်ရင်း နောက်ပြန်လှည့်ကြည့်ကာမေးသည်။ မေးသူရှိတော့လည်း ရင်ထဲတွင် ရှိနှင့်နေသောစကားက ထွက်သွားသည်။

"ငါးရံ့ခြောက်ဖုတ် ကောင်းကောင်းလေးများ ရမယ်ဆိုရင်တော့ ..."

သတိကပ်လိုက်မိတော့ ပြောလက်စ စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ငါးရံ့ခြောက်ကောင်းကောင်းက မည်မျှထိ ဈေးမြောက်နေမည်နည်း သူမမှန်းတတ်။ ငွေတစ်မတ်နှင့် ငါးမြင်းခေါင်း ခဲချင်သလိုဖြစ်နေပေရော့မည်။

"အစ်ကိုရေ့... နေရာတကာ ဈေးတက်နေတာ အစ်ကို့ဆိုက်ကားခကိုရော မတက်သေးဘူးလား။ ဒါမှမဟုတ် ဒေါ်လာနဲ့တောင်းဗျာ။ အဖေ့ကို ငါးရံ့ခြောက်ကောင်းကောင်း ဝယ်ကျွေးရအောင်"

အငယ်ကောင်က လှမ်းအော်သည်။ အကြီးကောင်က ကြားလား၊ မကြားလား မသိရ။ ဘာမှ ပြန်မပြောဘဲ ဆိုက်ကားပေါ်တက်သွားသည်။

"ဟုတ်တာပေါ့၊ ကန်စွန်းရွက်တောင် ၄၀၀ ဖြစ်နေမှဟာ။ ငါတို့ဆိုက်ကားတွေလဲ တက်ဈေးနဲ့နင်းမှ မျှမျှတတနဲ့ တရားသဖြင့်ဖြစ်မှာပေါ့။ အများနည်းတူတိုးတောင်းရမှာပဲ။ အကြီးကောင်ရေ... တိုးသာတိုး၊ တက်သာတက်၊ တောင်းသာတောင်းလိုက်စမ်းဟ၊ ဒါမှလဲ စားလောက်မှာ"

ကိုလူမောင်က တွေးရင်းတောရင်း အံကိုပင် မသိမသာ ကြိတ်လိုက်မိသည်။

ရွှေရောင်စာလုံးအထင်းသားနှင့် နင်းလိုက်တိုင်း ကကျီကကျီမြည်နေသော ဆိုက်ကားကတော့ လမ်းမဘက်သို့ ချိုးကွေ့သွားပြီဖြစ်လေသည်။

"ဟုတ်တယ်ကွ၊ တက်သင့်တာကတော့ တက်သင့်နေပြီ။ ချစ်လို့၊ ခင်လို့၊ အားနာလို့ဆိုပြီး လုပ်နေလို့ မရဘူး။ ငါလဲ တိုးတောင်းချင်နေတာ ကြာလှပြီ။ ကိုယ်တစ်ယောက်တည်း ချွန်ထွက်နေမှာစိုးလို့"

ဆိုက်ကားခ ဈေးတက်ရေးအစီအစဉ်ကို အကြီးကောင်ကတင်ပြတော့ အားလုံးကဝိုင်း၍ ထောက်ခံကြသည်။

"၃၀၀ တောင်းတဲ့လမ်းကို ၅၀၀၊ ၅၀၀ ကို ၇၀၀၊ အသွားအပြန် ၁၂၀၀။ အဲဒီလိုတောင်းမှဖြစ်မှာ။ ဆန်ကြမ်းတောင် တစ်ပြည် ၉၀၀ ကနေပြီး ၁၄၀၀ ဖြစ်သွားပြီလေ"

ကိုတိုးဝေက တော်တော်တက်ကြွနေသည်။

"အခုတောင် လူကခပ်ပါးပါးရယ်၊ ဈေးတက်တယ်ဆိုရင် စီးမှစီးကြပါမလားဗျာ"

အကြီးကောင်ကတော့ နည်းနည်းစိုးရိမ်သည်။

"အောင်မယ်လေး၊ ကိုရွှေဒေါ်လာရယ်၊ မစီးချင်ရင် လမ်းလျှောက်ပေ့ါ။ ရှင်းနေတာပဲ"

သူတို့တစ်တွေ ခေါင်းချင်းဆိုင်ကာ တကျိတ်ကျိတ်ဖြစ်နေကြသည်ကို ဦးကြီးပြုံးက လှမ်းကြည့်ပြီး ရယ်နေသည်။ သူကလည်း သူ့ကွမ်းယာကို ဈေးတက်ရန် ဟန်ပြင်နေပြီဖြစ်လေသည်။

"အရင်တုန်းက တစ်နေ့ ငွေကျပ် ၅၀၀၀ လောက်ဝင်ရင်စားလို့ဖြစ်တယ်။ အခုမဖြစ်တော့ဘူး။ ငွေကျပ် ၇၀၀၀ ၊ ၈၀၀၀ လောက်ဝင်မှ ငါတို့မိသားစုစားဖြစ်တယ်။ ကျဈေးနဲ့ဝင်ပြီး ပိုက်ဆံကတက်ဈေးနဲ့ ထွက်နေတာကိုး။ အဝင်အထွက်မျှဖို့ဆိုရင် ငွေကျပ် ၈၀၀၀ ရမှဖြစ်မှာ"

"ဆိုက်ကားမစီးဘဲ လမ်းလျှောက်ကြရင်ရော"

"ဒီလိုဆိုရင်လဲ လျှောက်ပေ့ါကွာ၊ အရေးကြီးတာ ငါတို့လူညီဖို့ပဲ။ မပေးရင်မလိုက်ဘူးလို့ အားလုံးညီရင် ပေးကိုပေးလာရမှာပေ့ါ။ ပြောနေကြာတယ်။ အခုအချိန်ကစပြီး တက်ကြမယ်ကွာ။ အရင်ဈေးနဲ့ မလိုက်ကြေး။ ညီစေနော် ဘော်ဒါတို့"

သူတို့အားလုံး အင်အားစုပြီး မောင်းတင်ထားကြသည်။ စီးသူနှင့်နင်းသူ အားစမ်းကြရမည်။

အလေးအပင်ဆွဲကာ လမ်းလျှောက်ပြီး ထွက်လာမည့် ဈေးပြန်များကို မျှော်နေသော်လည်း ပေါ်မလာသေး၊ ထိုအချိန်တွင် အငှားကားတစ်စီး ဝူးခနဲထိုးဆိုက်လာပြီး ပျာယီးပျာယာဆင်းလာသူက အပျိုကြီး ဒေါ်ထူးမေဖြစ်သည်။ သူများတွေ ဈေးပြန်မည့်အချိန်ကျမှ ဈေးသို့ရောက်လာပြီး ကားနောက်ခန်းမှ ခရမ်းချဉ်သီးတောင်းကို အတင်းဆွဲချနေသည်။ ကားသမားကလည်းမကူ၊သူ့ဟာသူလည်း မနိုင်ရှာချေ။

"ကားဆရာ ကိုမသာရယ်၊ ကိုယ့်အမေအရွယ်ကြီး မနိုင်မနင်းဖြစ်နေတာ မမြင်ဘူးလားဟဲ့"

ဒေါ်ထူးမေက ခပ်တိုးတိုးရေရွတ်သည်။ ကားဆရာကြားအောင်တော့ မပြောရဲရှာ။ ဒါမှမဟုတ် ကားဆရာက ကြားလျက်နှင့် မကြားချင်ယောင်ဆောင်နေခြင်းလည်း ဖြစ်နိုင်သည်။

"နေ.. နေ ကြီးတော်ထူး၊ ကျွန်တော်ချပေးမယ်"

အကြီးကောင်က ပြေးသွားပြီးကူသည်။ ခရမ်းချဉ်သီးသာမက ထောပတ်သီးနှင့် နဂါးမောက်သီးများလည်း ပါလာသေးသည်။

"နောက်ကျနေပါတယ်ဆိုမှ လမ်းကလဲကျပ်၊ ဒီကြားထဲ ရှေ့မှာ ကားနှစ်စီးတိုက်ပြီး ကာလနာတိုက်နေကြသေးတယ်။ ဒုက္ခပါပဲဟယ်၊ ဈေးတောင်ကွဲနေပြီလား မသိပါဘူး"

"အခုမှ ၈ နာရီပဲရှိသေးတာ၊ ဈေးကွဲချိန်တော့ မဟုတ်သေးပါဘူး၊ အပျိုကြီးရာ။ ဒါပေမဲ့ ဈေးကတော့ မိုးလင်းကတည်းက ကွဲနေတာ။ ဈေးထဲမှာ လူကို မရှိဘူး"

ဦးပြုံးကပါ လာကူပေးရင်း ဝင်ပြောသည်။ အငှားယာဉ်မောင်းကို "ဘယ့်နှယ်လဲဆရာကြီး ကိုက်ရဲ့လား"လို့လှမ်းမေးတော့ ယာဉ်မောင်းက မျက်နှာရှုံ့လိုက်ပြီး လက်ခါပြသည်။ သူ့ကိုကြည့်ရသည်မှာလည်း စိတ်တိုစိတ်ရှုပ်ပြီး ပင်ပန်းနေပုံရသည်။

ကြီးတော်ထူး၏ တောင်းများကို ဦးပြုံးနှင့် အကြီးကောင်က ဈေးထဲထိ သယ်ပို့ပေးလိုက်သည်။ ခရမ်းချဉ်သီးက တော်သေးသည်။ နဂါးမောက်သီးနှင့် ထောပတ်သီးကတော့ လေးလှသည်။ သူတို့နှစ်ဦးလုံး ချွေးပြိုက်ပြိုက် ကျသွားသည်။

"ရွှေဒေါ်လာရေ မင်းမပူနဲ့၊ ငါတို့ ဆိုက်ကားနင်းမကောင်းရင် ကူလီလုပ်စားလို့ရပြီ"လို့ ဦးပြုံးက အပြောင်အပြက် ပြောနေသည်။

သူတို့အတွက်လုပ်အားခကို အပျိုကြီးက တစ်ယောက်ကို ငွေကျပ် ၅၀၀ စီပေးသည်။

"ကူတာပါဗျာ၊ အချင်းချင်းပဲဟာ။ ပေးစရာမလိုပါဘူး"ဟုပြောသော်လည်း ဦးပြုံးက လက်အရင်လှမ်းပြီးဖြစ်နေ၍ အပျိုကြီးက ရယ်သည်။ အကြီးကောင်ကတော့ "ကျွန်တော့်ကို နဂါးမောက်သီးတစ်လုံး လောက်ပေးပါလား ကြီးတော်ရာ၊ အဖေ့ကို ကျွေးချင်လို့ပါ"ဟု အရိုးခံနှင့် ပြောမိသည်။

"အေး... နင့်အဖေ အတော်ဖျားလိုက်တာနော်၊ တစ်နေ့တုန်းကတော့ ခဏတွေ့လိုက်တယ်။ ပိန်သွားတယ်ဟဲ့။ နင့်အမေရောနေကောင်းရဲ့လား ရွှေဒေါ်လာရယ်။ ရော့... ရော့ ဒါကသေးပေမဲ့ အနီသီးဟဲ့ အဖြူသီးထက် ပိုပြီးဆေးဖက်ဝင်တယ်။ ငါရောင်းရင် တစ်လုံးကို ၈၀၀ နဲ့ ရောင်းတာ"

နဂါးမောက်သီး ထည့်ထားသော ကြွပ်ကြွပ်အိတ်လေးတယမ်းယမ်းနှင့် ဈေးထဲမှထွက်လာပြီး ဆိုက်ကားနားပြန်ရောက်တော့ အပြာရောင် ဝမ်းဆက်ဝတ်ထားသော ကောင်မလေးတစ်ယောက်ကို တွေ့ရသည်။

"အားလား"

"ဘယ်လဲ"

"စိန်ပန်းနီလမ်းထဲ"

စိန်ပန်းနီသည် ငွေကျပ် ၅၀၀ လမ်းဖြစ်သည်။ အတန်ငယ်လှမ်းသော်လည်း လမ်းကောင်းသည်။ လူချမ်းသာများသောလမ်းဖြစ်သည်။

"၇၀၀ နော်"

"ဟင် ၇၀၀ တောင်"

ကောင်မလေးက နောက်တွန့်သွားသည်။

"အခါတိုင်း ၅၀၀ ပဲ ပေးရတာပါ။ မနေ့တုန်းက တောင် ၅၀၀ ပဲဟာ"

"မရတော့ဘူး။ ဒေါ်လာဈေးက တက်နေတာ"

မဆီမဆိုင်ပြောခြင်း မဟုတ်သော်လည်း ကောင်မလေးကတော့ မဆီမဆိုင်တွေ ပြောနေသည်ဟုထင်သွားလေသည်။ နှုတ်ခမ်းကလေး တင်းတင်းစေ့ပြီး သူ့ကိုခပ်စူးစူးကြည့်သည်။ ထီးပေါ်တွင် ရေးထားသော ရွှေရောင်စာလုံးကိုလည်း လှောင်သလိုလိုကြည့်သည်။

"မရရင် မစီးဘူး"

"မစီးရင် လမ်းလျှောက်ပေ့ါဗျာ"

အကြီးကောင်က ခပ်တင်းတင်းပြောလိုက်သည်။ ကောင်မလေးသည် ချာခနဲ လှည့်ထွက်သွားသည်။ ဘောက်ဆတ်ဘောက်ဆတ်နှင့် လျှောက်ရင်း မကြားတကြားတော့ ပြောသွားသည်။

"အမေရိကန်ဒေါ်လာ ဈေးတက်တာနဲ့ပဲ သူ့ဆိုက်ကားခကပါ ဈေးတက်ထားသေးရတယ်လို့ ကြားဖူးပေါင်၊ ဟွန်း... နာမည်ကိုလဲရေးထားသေး "ရွှေဒေါ်လာ"တဲ့။ ပြည်တွင်းဖြစ် ဒေါ်လာကြီးကများ ကြီးကျယ်လို့သေ...သေ...သွားသေ၊သေလိုက်တော့"

အကြီးကောင်ကို ဦးပြုံးက ချီးကျူးသလိုကြည့်သည်။ ပြန်ပြီး လက်မထောင်ပြလိုက်ရသော်လည်း ရင်ထဲတွင်တော့ သိပ်မကောင်း။ ၇၀၀ မရဘဲ ၅၀၀ လွတ်သွားပြီမို့ဖြစ်သည်။

မကြာမီ ရောက်လာသူကတော့ အန်ကယ်ချစ်ဖြစ်သည်။ ပင်စင်စား အဘိုးကြီးဖြစ်သော်လည်း သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်ရှိသည်။ သူက မနက်တိုင်းလမ်းလျှောက်ပြီး အပြန်ကျတော့ ဈေးကိုဝင်တတ်သည်။ သူစားချင်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်ဝယ်သည်။ ဈေးကပြန်တော့ ဆိုက်ကားစီး၍ ပြန်တတ်သည်။ ဈေးထဲရှိဈေးသည်များနှင့်သာမက ဆိုက်ကားသမားများနှင့်ပါ ခင်မင်ရင်းနှီးနေသူဖြစ်သည်။ ဒီတစ်ခါ အလှည့်ကျသူကတော့ ကိုမောင်အုန်းဖြစ်သည်။

"အန်ကယ်ချစ်ရေ ဈေးတက်သွားပြီနော်"

"ဟေ..ဘယ်လောက်လဲ"

"အန်ကယ်ချစ်အိမ်ဆိုရင် ၇၀၀"

"ဘာ..."

အန်ကယ်ချစ်က အော်သည်။ မျက်မှောင်ကိုလည်း အတွန့်ချိုးထားသည်။

"ဒေါ်လာဈေးတက်တော့ အစစအရာရာ ဈေးတက်တယ် အန်ကယ်ချစ်ရဲ့။ ကျွန်တော်တို့လဲ မတတ်သာလို့"

"ဟေး တက္ကစီ"

စာမျက်နှာ ၂၅ သို့ á

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲဧေ ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးဖယ်ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးဖယ်ပိသာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို မအူပင်မြို့နယ်ကနေ ငါးဖယ်တွေ တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်း ငါးဖယ်ပိသာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က စက်တင်ဘာလထဲမှာလဲ ငါးဖယ်တွေကို မှာယူမှုအားတက်နေပါတယ်။ အခုလိုငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့လာရလို့ ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ်တစ်ပိသာလျှင် အရွယ်အစားအပေါ်မူတည်ပြီး ငွေကျပ် ၁၈၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

အန်ကယ်ချစ်က ဆုံးအောင်ပင် နားမထောင်၊ ဖြတ်သွားသော တက္ကစီကို ဖမ်းတားလိုက်သည်။

မုဒိတာလမ်းထဲကို ငါ့တူ၊ ဒီတစ်ကွေ့လေးတင်ပဲ။ တည့်တည့်

ဆက်ထွက်ရင် လမ်းမကြီးပေါက်တယ်။ အေး ၁၀၀၀ ပေးမယ်"

အန်ကယ်ချစ်အသံက လိုအပ်သည်ထက် ပို၍ကျယ်နေသည်ဟု ထင်မိသည်။ ထို့နောက် ကိုမောင်အုန်းကို မပြုံးတပြုံးငဲ့ကြည့်ရင်း တက္ကစီပေါ် ခပ်ကြွားကြွားတက်သွားသည်။ အဓိပ္ပာယ်ကတော့ "မင်းတို့ဆိုက်ကားကို နေပူခံပြီး ၇၀၀ ပေးမစီးဘူး။ ၁၀၀၀ ပေးပြီး ကားစီးမယ်"ဟုဆိုလိုဟန်ရှိသည်။ ကိုမောင်အုန်းကသာမက သူတို့အားလုံး မအီမလည်ဖြစ်ကာ ကျန်ခဲ့ကြသည်။ သူတို့ကို လှမ်းကြည့်နေသော ဦးကြီးပြုံးပင် မပြုံးနိုင်ဘဲ တွေတွေကြီးဖြစ်နေသည်။

နောက်တစ်ခါ ရောက်လာသူက ကျောင်းစိမ်းကလေးနှစ်ယောက်ကို လက်ဆွဲထားသော ကလေးအမေဖြစ်သည်။ ကလေးများကို သနပ်ခါးညီညီညာညာနှင့် ပါးကွက်များ ကွက်ပေးထားသော်လည်း သူဝတ်ထားသော ဘလောက်အင်္ကျီတွင် ကြယ်သီးတလွဲတပ်ထားသည်။ ကလေးများ ကျောင်းမမီမှာစိုး၍ ကတိုက်ကရိုက်ဖြစ်နေရှာသည်။

အခါတိုင်း ၃၀၀ တောင်းနေကျလမ်းကို ၅၀၀ တောင်းလိုက်တော့ ကလေးအမေက ဦးပြုံးကို မျက်စောင်းခဲပြီး ရန်သူလိုကြည့်သည်။ သို့သော် ဆိုက်ကားပေါ်တက်ထိုင်လိုက်၍ ဦးပြုံး အောင်မြင်သွားသည်ဟုဆိုရမည်။ ဦးပြုံးတစ်ယောက် အပြုံးမျက်နှာနှင့် ပြန်လာမည်ထင်မိသော်လည်း ရှုံ့ရှုံ့မဲ့မဲ့ ပြန်လာသည်။

ကလေးအမေက ပိုက်ဆံ ၂၀၀ ပိုပေးရတာဆိုတော့ ပေးရတာနဲ့တန်အောင် ညည်းတော့တာကိုး။ ငါကလည်း ညည်းသံညူသံဆိုရင်ကြားကို မကြားချင်တာကွ။ အိမ်မှာလည်း မိန်းမကညည်း၊ အပြင်ရောက်ပြန်တော့ ခရီးသည်ကညည်းနဲ့ ဟုတ်တာမှန်တာတွေပေမဲ့လည်း မကြားချင်ဘူးကွာ။ နားထဲကို ပူနေတာပဲ။ သူ့လက်ထဲ ဆိုက်ကားအပ်ပြီး "ကဲ ခင်ဗျားဟာ ခင်ဗျားပဲ ဆက်နင်းသွားတော့ဗျာ"လို့ ပြောပြီး ဆင်းနေရစ်ခဲ့ချင်တာ"

**ဆက်လက်ဖော်ပြပါမည်။**

## စိန်ရွှေထက်လှ ပရဟိတ

- ပရစိတ်လေး ဖြူဖွေးသန့်စင်
  ထိုသူ့နှလုံး အပြုံးပီတိရွှင်
  အကူညီပင် လိုလျှင်အမြဲ
  ဖြည့်ဆည်းဖို့ရာ မငြင်းရှာ
  ကြင်နာလက်နှင့် တွဲသည်နှင့်လေး။

- ချမ်းသာဆင်းရဲ မခွဲကြည်ဖြူ
  ဘာသာလူမျိုး မြတ်နိုးအတူတူ
  အခက်ခဲဟူ ဝိုင်းကူဖြေရှင်း
  အားငယ်လျှင်သာ ဖေးမကာ
  သဒ္ဒါပြု၍ လင်းသည်နှင့်လေး။

- မေတ္တာဖြန့်ခင်း ဆွေရင်းပမာ
  မြန်မာ့ဓလေ့ ချစ်ငွေ့သိုင်းခြုံစွာ
  နှလုံးသည်းညွှာ စွဲကာထုံမွှမ်း
  စိတ်ရင်းဓာတ်ခံ မြင့်မြတ်ပြန်
  ရွှေဉာဏ်တင့်၍ လွှမ်းသည်နှင့်လေး။

- အမုန်းလည်းခန်း ပြုံးပန်းဝေဝေ
  လူတိုင်းကချစ် အပြစ်ကင်းစင်ပေ
  တန်ဖိုးတက်နေ စိန်ရွှေအလား
  စိန်နှင့်လည်းတူ ရွှေလိုလူ
  သူလိုလူမျိုး ရှားသည်နှင့်လေး။

- ဖြူစင်ရိုးသား စိတ်ထားလှရှာ
  မြင့်မြတ်သူထုံး နှလုံးမူကြတာ
  အနှိုင်းမဲ့စွာ မြင့်ရှာတန်ဖိုး
  အတ္တကိုပယ် စိတ်စင်ကြယ်
  ပြုဖွယ်ဒါန ပျိုးသည်နှင့်လေး။

- ပရအကျိုးသာ ပြုရှာကြတော့သည်။
- လှမျိုးတစ်ရာ သူ့မှာရပေ့ါအတည်။ ။

**အလင်္ကာ(ပွင့်ဖြူ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြင်သစ်နိုင်ငံက Thundart လက်နက်စနစ်ထုတ်လုပ်ရန် ပြည်တွင်းကုမ္ပဏီများနှင့် သဘောတူစာချုပ်ချုပ်ဆို



ပြင်သစ်နိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီသည် မြေပြင်တာဝေး တိုက်ခိုက်ရေး Thundart လက်နက်စနစ်ကို ထုတ်လုပ်ရန် ပြည်တွင်းကုမ္ပဏီများနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်တွင်း ကာကွယ်ရေးကုမ္ပဏီများဖြစ်သော Satran နှင့် MBDAတို့၏ အဆိုပြုချက်များအနက်မှ ရွေးချယ်ခဲ့သည့် မြေပြင်တာဝေးတိုက်ခိုက်ရေး Thundart လက်နက်စနစ်သည် ပြင်သစ်တပ်မတော်တွင် လက်ရှိအသုံးပြုနေသော Unitary Rocket Launcher (LRU) လက်နက်စနစ်များနေရာတွင် အစားထိုး အသုံးပြုသွားမည်ဖြစ်သည်။ (LRU) လက်နက်စနစ်သည် အမေရိကန်နိုင်ငံထုတ် M270 Multiple Launch Rocket System (MLRS) အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို အခြေခံထားသည့်စနစ်တစ်မျိုးဖြစ်ပြီး လက်ရှိတွင် LRU လက်နက်စနစ် ကိုးစီးခန့်တိုက်ပွဲဝင် အသင့်တာဝန်ထမ်းဆောင်လျက်ရှိသည်။ Thundart လက်နက်စနစ်များကို ၂၀၃၀ ပြည့်နှစ်အမီ LRU လက်နက်စနစ်များ နေရာတွင် အစားထိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

Thundart လက်နက်စနစ်ထုတ်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရန် Safran နှင့် MBDA ကုမ္ပဏီတို့သည် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ပါရီမြို့၌ ဖက်စပ်ကုမ္ပဏီ တစ်ခုတည်ထောင်သွားမည်ဖြစ်သည်။ အဆိုပါဖက်စပ်လုပ်ငန်းသည် Thundart လက်နက်စနစ်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်ရေးနှင့် တပ်မတော်အတွင်း အသုံးပြုနေစဉ် ပံ့ပိုးထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် အခြားစစ်ဆင်ရေးများအတွက် ပြုပြင်မွမ်းမံအသုံးချခြင်းနှင့် မဟာမိတ်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ဆက်လက်ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

Thundart လက်နက်စနစ်သည် ပြင်သစ်တပ်မတော်၏ တာဝေးတိုက်ခိုက်နိုင်စွမ်းကို ကီလိုမီတာ ၁၅၀ ထိ တိုးမြှင့်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ပြင် ပိုမိုမြင့်မားသည့် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းပစ်မှတ်များကို အစုလိုက်အပြုံလိုက် ထိရောက်စွာ တိုက်ခိုက်နိုင်သည့်စွမ်းရည်၊ မြေပြင်အနေအထားအမျိုးမျိုးတွင် ရွေ့လျားနိုင်မှုနှင့် ပြင်းထန်သော တန်ပြန်တိုက်ခိုက်မှုများရှိသည့် စစ်ဆင်ရေးများတွင် လှုပ်ရှားနိုင်စွမ်းတို့ကိုလည်း မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ထားသည်။ လက်ရှိ LRU လက်နက်စနစ်၏ လုပ်ငန်းသုံးတိုက်ခိုက်ရေးအကွာအဝေးမှာ ကီလိုမီတာ ၈၀ ခန့်သာရှိသဖြင့် Thundart လက်နက်စနစ်သည် အကွာအဝေးပိုင်းတွင် သိသိသာသာ တိုးတက်မှုရှိလာမည်ဖြစ်သည်။

Thundart လက်နက်စနစ်တွင် အင်နာရှယ်လမ်းညွှန်စနစ် (INS) နှင့် ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ဂြိုဟ်တုစနစ် (GNSS) တို့ကို ပေါင်းစပ်အသုံးပြုသည့် လမ်းညွှန်စနစ်ကို တပ်ဆင်ထားပြီး အချက်ပြအနှောင့်အယှက်များရှိနေသည့် သို့မဟုတ် GNSS အချက်ပြအသုံးပြု၍မရသည့်အခြေအနေများတွင်ပင် တည်နေရာသတ်မှတ်မှုကို ခံနိုင်ရည်ရှိစွာ ဆောင်ရွက်နိုင်ရန် တည်ဆောက်ထားသည်။ ထို့ကြောင့် ရပ်တန့်နေသည့်ပစ်မှတ်များသာမက ရွေ့လျားနေသည့်ပစ်မှတ်များကိုပါ တိုက်ခိုက်နိုင်မည်ဖြစ်သည်။

Thundart လက်နက်စနစ်၏ ဒုံးပစ်လောင်ချာယာဉ်တွင် ပဲ့ထိန်းဒုံးကျည် လေးစင်းစီပါဝင်သည့် ဒုံးကျည်ပြွန် နှစ်ခု တပ်ဆင်နိုင်ပြီး စုစုပေါင်း ဒုံးကျည်ရှစ်စင်းကို သယ်ဆောင်ပစ်ခတ်နိုင်မည်ဖြစ်သည်။

Thundart လက်နက်စနစ်သည် ပြင်သစ်တပ်မတော်၏ လက်ရှိ C3I (Comm and, Control, Communications and Intelligence — ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေး) စနစ်များနှင့်လည်း ပေါင်းစပ်အသုံးပြုနိုင်ရန် တည်ဆောက်ထားသည်။ ၎င်းတွင် ပြင်သစ်တပ်မတော်၏ ATLAS ပစ်ခတ်မှု ထိန်းချုပ်ရေးစနစ်လည်း ပါဝင်ကြောင်း သိရသည်။

**France Selects Safran–MBDA Thundart for Long–Range Fires ကို ဘာသာပြန်ဆိုထားပါသည်။**

# တူကီယဲနိုင်ငံက Akıncı မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တွင် 300-ER ပဲ့ထိန်းဒုံးကျည် တပ်ဆင်စမ်းသပ်ပစ်လွှတ်မည်

တူကီယဲနိုင်ငံသည် Baykar ကုမ္ပဏီထုတ် Akıncı မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တွင် 300–ER ဝေဟင်မှပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည်ကို မကြာမီ တပ်ဆင် စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

300–ER ပစ်ပဲ့ထိန်းဒုံးကျည်သည် ပစ်လွှတ်သည့်အမြင့်ပေါ်မူတည်၍ ကီလိုမီတာ ၅၀၀ ကျော် အကွာအဝေးရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်မည်ဖြစ်ပြီး Akıncı ဒရုန်းမှ ယခင်က စမ်းသပ်ပစ်လွှတ်ခဲ့သည့် အကွာအဝေး ပိုမိုနည်းသော ဒုံးကျည်များထက် တိုက်ခိုက်ရေးအကွာအဝေးကို သိသိသာသာ တိုးမြှင့်ပေးနိုင်မည့် လက်နက်ဖြစ်သည်။

300–ER ပဲ့ထိန်းဒုံးကျည်သည် အရှည် ၅ မီတာခန့်ရှိပြီး အလေးချိန် ၉၀၀ ကီလိုဂရမ်ခန့်ရှိသည်။ ဒုံးကျည်၏ ကိုယ်ထည်အချင်းမှာ ၃၇၀ မီလီမီတာရှိပြီး အလေးချိန် ၁၅၀ ကီလိုဂရမ်ကျော်ရှိသော ဒုံးကျည်ထိပ်ဖူးကို သယ်ဆောင်နိုင်မည်ဖြစ်သည်။ လမ်းညွှန်စနစ်အနေဖြင့် GNSS နှင့် inertial Guidance လမ်းညွှန်စနစ်တို့ကို အသုံးပြုထားပြီး ပစ်မှတ်အနီးသို့ ရောက်ရှိချိန်တွင် TV ကင်မရာအခြေပြုရှာဖွေခြင်းစနစ်သို့ ပြောင်းလဲအသုံးပြု၍ ပစ်မှတ်ထိမှန်မှုကို တိုးမြှင့်ပေးမည်ဖြစ်သည်။

300–ER ပဲ့ထိန်းဒုံးကျည်သည် ရေဒါနစ်များ၊ သံချပ်ကာယာဉ်များ၊ လေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် ကွပ်ကဲမှုဗဟိုဌာနများကဲ့သို့သော အရေးပါသည့်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

300–ER ပဲ့ထိန်းဒုံးကျည်၏ ဖွံ့ဖြိုးတိုးတက်မှုသည် Roketsan ကုမ္ပဏီ၏ မြေပြင်မှပစ်လွှတ်သည့် အမြောက်ကျည်များကို လေကြောင်းမှ ပစ်လွှတ်နိုင်သည့် လက်နက်များအဖြစ် ပြောင်းလဲအသုံးချခဲ့သည့် နည်းပညာလမ်းကြောင်းအပေါ် အခြေခံထားသည်။ Roketsan ကုမ္ပဏီသည် ၁၂၂ မီလီမီတာနှင့် မီလီမီတာ ၂၃၀ အတန်းအစား အမြောက်ကျည်များကို လေကြောင်းမှ ပစ်လွှတ်နိုင်သည့် İHA–122 နှင့် İHA–230 ဒုံးကျည်အဖြစ် ပြောင်းလဲတီထွင်ခဲ့ပြီး အဆိုပါ ဒုံးကျည်နှစ်မျိုးစလုံးကို Baykar ကုမ္ပဏီထုတ် Akıncı မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်မှ စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်သည်။




300–ER ပဲ့ထိန်းဒုံးကျည်၏ တာဝေးတိုက်ပွဲဝင်နိုင်စွမ်းသည် Akıncı ကဲ့သို့ အရွယ်အစားကြီးမားသည့် မောင်းသူမဲ့ တိုက်ခိုက်ရေး လေယာဉ်များအတွက် အရေးပါသည့် အားသာချက်တစ်ရပ်ဖြစ်လာနိုင်သည်။ အဆိုပါ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် ပစ်မှတ်အနီးသို့ မဝင်ရောက်မီ လုံလောက်သည့် အကွာအဝေးမှ လက်နက်ကို ပစ်လွှတ်ပြီးနောက် ပြန်လည်လှည့်ထွက်နိုင်မည်ဖြစ်သောကြောင့် မိမိ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များကို ကြားဖြတ်တိုက်ခိုက်ရန် အဓိကရည်ရွယ်တည်ဆောက်ထားသည့် မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်များ၏ တိုက်ခိုက်နိုင်သည့်အကွာအဝေးအတွင်း ဝင်ရောက်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။

300–ER ပဲ့ထိန်းဒုံးကျည်၏ ကနဦး စမ်းသပ်ပစ်လွှတ်မှုများကို ယခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်ပြီး တူကီယဲ တပ်မတော်ထံသို့လည်း ယခုနှစ်အတွင်း ပေးပို့ရန် မျှော်မှန်းထားကြောင်း၊ 300–ER ပဲ့ထိန်းဒုံးကျည်ကို တပ်မတော်၏ ပုံမှန်အသုံးပြုသည့် လက်နက်စနစ်အဖြစ် မည်သည့်အချိန်တွင် စတင်အသုံးပြုမည် ဆိုသည့်အချက်ကိုလည်း Baykar နှင့် Roketsan ကုမ္ပဏီနှစ်ခုစလုံးက ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးကြောင်း သိရသည်။

**Turkish Combat Drone Gets a Longer–Range Strike Weapon ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ နေကြာ ၆၇၅၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကော့ကရိတ်မြို့နယ် နဘူးတံခွန်တိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နဘူးတံခွန်တိုင် ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် VRFP စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နဘူးတံခွန်တိုင် ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁၁၇ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၅၃ သိန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုံးသိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၇၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၄၄၆ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေး ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း နှစ်လခွဲစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အိမ်မဲမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးက ဆန်အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းခဲ့တာဖြစ်ပါတယ်။ နှစ်လခွဲစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကောလတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၁၃၂၀၊ အကျယ် ၁၄ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခြူးကမ္ဘာမာန်ကုမ္ပဏီက ဇူလိုင်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

**သုတ**

# မိုင်းယောင်းမြို့နယ် မိုင်းခွန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းယောင်း စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းခွန်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးခိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ်တွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းသဖြင့် မြေဧရိယာ ၄၈၅၃၅ ဟက်တာ ပျက်စီးခဲ့ရ



ဂျကာတာ စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ်တွင် ယခုနှစ် အစပိုင်းမှစ၍ ယနေ့ထိ တောမီးလောင်ကျွမ်းမှုများကြောင့် မြေဧရိယာ ၄၈၅၃၅ ဟက်တာ ပျက်စီးခဲ့ရကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီ(BNPB)၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအေဂျင်စီ၏ သတင်းအချက်အလက်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေး ဌာနခွဲ ယာယီအကြီးအကဲ ဘာတန အက်စ်ပီပန်ဂျိုင်တန်၏ ပြောကြားချက်အရ တောမီးလောင်ကျွမ်းမှု ဒဏ်ခံရသည့် သစ်တောဧရိယာ စုစုပေါင်းမှာ ၄၈၅၃၅ ဟက်တာရှိကြောင်း၊ ထိုတောမီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၄၇၆၀၊ ကင်းလှည့်ရဟတ်ယာဉ် ငါးစင်းနှင့် ရေဖျန်းမီးငြိမ်းသတ် လေယာဉ် ကိုးစင်းတို့ဖြင့် ထိန်းချုပ် ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

လက်ရှိ တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးမြူများက မမ်ပဝါ၊ ပွန်တီယာနက်၊ မာလာဝီ၊ ဆမ်ဘတ်နှင့် ကေတာပန်ဒေသများသို့ပျံ့နှံ့ကာ လေထုအရည်အသွေး ကျဆင်းလျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဆူမတြားနှင့် ကာလီမန်တန်ဒေသများသည် ခြောက်သွေ့ရာသီကာလအတွင်း တောမီးလောင်ကျွမ်းမှုများ ပုံမှန်ဖြစ်ပွားလေ့ရှိပြီး မီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသောမီးခိုးမြူများသည် တစ်ခါတစ်ရံတွင် အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများထိ ရောက်ရှိပျံ့နှံ့လေ့ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးခေါင်မှုပြဿနာအရေးပေါ်အခြေအနေသတ်မှတ်

နယူးဒေလီ စက်တင်ဘာ ၁၆

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးခေါင်မှုပြဿနာ အရေးပေါ်အခြေအနေသတ်မှတ်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့် ဒေသများမှာ ဗီဂျေးပူရာခရိုင်မှ ဒေသများဖြစ်ပြီး မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ကြီးမားသည့် ရိုက်ခတ်မှုမျိုးရှိနေသကဲ့သို့ ဒေသခံများကိုလည်း သောက်သုံးရေအကာနဲ့ အသတ်ဖြင့် ပေးဝေနေရကြောင်း၊ ပြည်သူများကို သောက်သုံးရေ လုံလုံလောက်လောက် ပေးဝေနိုင်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားရန် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကို အစည်းအဝေး ခေါ်ယူခဲ့ကြောင်း ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ရိုဗာကူမာက ပြောကြားခဲ့သည်။

"ကာနာတာကာပြည်နယ်ရဲ့ နေရာတော်တော်များများမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုပြဿနာနဲ့ အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ ဒေသတွေကတော့ ဗီဂျေးပူရာခရိုင်က ဒေသတွေပဲဖြစ်ပါတယ်။ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကြီးမားတဲ့ရိုက်ခတ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေကို သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ဖို့ ဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူတွေကို အရေးပေါ် အစည်းအဝေးခေါ်ယူထားပါတယ်။ သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ဖို့အတွက် စီမံချက်တွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ရိုဗာကူမာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဆော်ဒီအာရေဗျနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

ရီယာဒ် စက်တင်ဘာ ၁၆

ဆော်ဒီအာရေဗျနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ယနေ့မှစ၍ ပြည်သူ့ကာကွယ်ရေးဆိုင်ရာအထွေထွေညွှန်ကြားရေးမှူးရုံးက ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုသည် မက္ကာနယ်မြေတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး မက္ကာနယ်မြေ ဝင်လမ်း၊ ထွက်လမ်းတချို့ကို ယာယီပိတ်ထားရသကဲ့သို့ ဒေသတွင်း အဓိကလမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားကြောင်း၊ မက္ကာနယ်မြေအပြင် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားသော ဒေသများမှာ အယ်လ်ကာမီလ် ဒေသ၊ အယ်လ်ဂျူမမ်ဒေသ၊ ဘာရဟက်ဒေသ၊ အယ်လ်လစ်ဒေသ၊ အယ်လ်ကွန်ဖက်ဟာဒေသ၊ တိုင်ဖ်ဒေသ၊ အက်ဟမ်ဒေသနှင့် အယ်လ်အာဒီယက်ဒေသတို့ဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေး ဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူးရုံးက ထုတ်ပြန်ခဲ့သည်။



"မက္ကာနယ်မြေမှာ ရေကြီးရေလျှံမှုတွေ စတင်ဖြစ်ပွားနေပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဟာ အဓိကဆက်သွယ်သွားလာရေး လမ်းမတွေအပြင် လူနေအိမ်ခြေတွေမှာလဲ ဖြစ်ပေါ်နေပါတယ်။ ပိတ်ထားတဲ့လမ်းတွေကို အသုံးမပြုကြဖို့လဲ တင်းကျပ်စွာတားမြစ်ထားပါတယ်။ ရေလွှမ်းနေတဲ့ဒေသတွေကိုလဲ ကယ်ဆယ်ရေးဝန်ထမ်းတွေ စေလွှတ်ပေးထားပါတယ်"ဟု ပြည်သူ့ကာကွယ်ရေးဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ပနားမားနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုဆိုးရွားလာသဖြင့် ပနားမားတူးမြောင်း သင်္ဘောဖြတ်သန်းမှု ထပ်မံလျှော့ချရန် စီစဉ်နေ

ပနားမားစီးတီး စက်တင်ဘာ ၁၆

ပနားမားနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုဆိုးရွားလာသဖြင့် ပနားမားတူးမြောင်း သင်္ဘောဖြတ်သန်းသွားလာမှုကို ထပ်မံလျှော့ချရန် ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က စီစဉ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ပနားမားတူးမြောင်းသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကိုဆက်သွယ်ပေးထားပြီး ကမ္ဘာ့လုံးဆိုင်ရာရေကြောင်းကုန်သွယ်မှု၏ ငါးရာခိုင်နှုန်းခန့်နှင့် အမေရိကန်နိုင်ငံ၏ ကွန်တိန်နာ သယ်ယူပို့ဆောင်ရေး၏ ၄၀ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ပေးနေသည့် အရေးပါသော ရေကြောင်းလမ်းတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် တရုတ်၊ အမေရိကန်နှင့် အာရှနိုင်ငံတို့ကြား ကုန်သွယ်ရာတွင် ကုန်ကျစရိတ်သက်သာစေသည့်နည်းလမ်းနှင့် သယ်ယူပို့ဆောင်ချိန်များကို လျှော့ချနိုင်သဖြင့် အရေးပါသည့် လမ်းကြောင်း ဖြစ်သော်လည်း မိုးခေါင်ပြီး မိုးရွာသွန်းမှုနည်းပါးကာ ရေမျက်နှာပြင်ကျဆင်းလာခြင်းကြောင့် တူးမြောင်းအတွင်း သင်္ဘော ဖြတ်သန်းသွားလာမှုကို ကန့်သတ်ရန် လိုအပ်လာခြင်းဖြစ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ဆိုထားသည်။

ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့၏အစီအစဉ်အရ ပနားမားတူးမြောင်းတွင် ဩဂုတ်လအတွင်း တစ်ရက်လျှင် သင်္ဘော ၃၆ စီး၊ စက်တင်ဘာလအတွင်း တစ်ရက်လျှင် သင်္ဘော ၃၂ စီး ဖြတ်သန်း ခွင့်ပြုခဲ့သော်လည်း အောက်တိုဘာလမှစ၍ တစ်ရက်လျှင် ပျမ်းမျှသင်္ဘော ၂၈ စီးခန့်သာ ဖြတ်သန်းခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။

ပနားမားနိုင်ငံအနေဖြင့် ယခုကဲ့သို့ သင်္ဘောဖြတ်သန်းမှု ကန့်သတ်ခြင်းသည် ရေအရင်းအမြစ်ကို ထိန်းသိမ်းရန်နှင့် တူးမြောင်း၏ ရေရှည်လုပ်ငန်းလည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်ဆင့်ကန့်သတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ် စိန့်လူးဝစ်ကောင်တီတွင် လောင်ကျွမ်းနေသောတောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်

ဝါရှင်တန် စက်တင်ဘာ ၁၆

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်စိန့်လူးဝစ်ကောင်တီတွင် လောင်ကျွမ်းနေသော တောမီးကို ယနေ့တွင် ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မင်နီဆိုးတားပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီး လောင်ကျွမ်းမှုကြောင့် ဘောင်ဒရီရေပြင်လေ့လှော်ဧရိယာ တောရိုင်းဒေသတွင် သစ်တောမြေဧက ၆၂၀၀၀ ထိပျက်စီးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် နေရာပေါင်း ၂၀ တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးကိုထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အားအမြောက်အမြား အသုံးပြုခဲ့ရကာ ရက်သတ္တနှစ်ပတ်ခန့် တောမီးကို ငြိမ်းသတ်ခဲ့ပြီးနောက် ရာနှုန်းပြည့် ထိန်းချုပ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စိန့်လူးဝစ်ကောင်တီမှာ လောင်ကျွမ်းနေတဲ့ တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တောမီးဟာ ဘောင်ဒရီရေပြင်လေ့လှော်ဧရိယာတောရိုင်းဒေသမှာ လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။ မကြာခဏ တောမီးလောင်ကျွမ်းတဲ့ နေရာဖြစ်သလို အဖိုးတန်တောရိုင်းဧရိယာလဲဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၆၂၀၀၀ ထိ ပျက်စီးသွားခဲ့ပါတယ်။ ရက်သတ္တပတ် နှစ်ပတ်လောက် တောမီးကို လူအင်အားသုံးပြီး ငြိမ်းခဲ့ရပါတယ်။ ဒီနေ့မှာတော့ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းတဲ့ နေရာတွေမှာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်သွားတော့မှာဖြစ်ပါတယ်"ဟု မင်နီဆိုးတားပြည်နယ် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# သက်ရှည်ကျန်းမာဖို့ ဆီစားသုံးမှု လျှော့ကြစို့

ဒေါက်တာအောင်ညွန့်ပိုင်



မြန်မာနိုင်ငံတွင် ပြည်သူများ နေ့စဉ်ချက်ပြုတ်စားသောက်မှုပုံစံ၌ စားသုံးဆီကို အလွန်အကျွံ သုံးစွဲခြင်းသည် အမျိုးသားကျန်းမာရေးအဆင့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ စစ်တမ်းများအရ မြန်မာနိုင်ငံသားအများစုသည် ပုံမှန်စားသုံးသင့်သည့် ပမာဏထက် ပိုမို၍ စားသုံးဆီများကို သုံးစွဲနေကြသည်ကို သိရသည်။ ဤသို့ စားသုံးဆီ အလွန်အကျွံသုံးစွဲခြင်းသည် သွေးတိုး၊ နှလုံး၊ လေဖြတ်၊ ဆီးချိုနှင့် အသည်းအဆီဖုံးခြင်းစသည့် မကူးစက်နိုင်သော နာတာရှည်ရောဂါများကိုဖြစ်ပွားစေပြီး နိုင်ငံတော်၏ လူသားအရင်းအမြစ်နှင့် ဆေးကုသမှုကုန်ကျစရိတ်များကို မြင့်မားစေသည်။

ထို့ကြောင့် ပြည်သူများ၏ ဆီစားသုံးမှု အလေ့အထကို ပြောင်းလဲရန်၊ ဆီစားသုံးမှုများကို လျှော့ချရန်၊ ပြည်တွင်းဆီကဏ္ဍ အဆင့်မြှင့်တင်ရန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံနှုန်းများနှင့်အညီ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံသို့ ပြောင်းလဲကြရပေမည်။

မြန်မာတို့၏ စားသောက်မှုပုံစံတွင် ဟင်းချက်ရာ၌ ဆီပြန်ဟင်းများ၊ ဆီကြော်မုန့်များကို နှစ်သက်စွာ စားသုံးလေ့ရှိကြသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အချက်အလက်များအရ မြန်မာနိုင်ငံသားတစ်ဦးချင်းစီ၏ ဆီသုံးစွဲမှုသည် သတ်မှတ်ချက်ထက် များစွာကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီစားသုံးမှုပမာဏအရ ဆီကို တစ်နှစ်တွင် ငါးပိဿာမှ ခြောက်ပိဿာကြားသာ စားသုံးသင့်သော်လည်း မိမိတို့နိုင်ငံသားများအနေဖြင့် တစ်နှစ်တွင် ရှစ်ပိဿာကျော်ထိ စားသုံးနေသည့်အတွက် ပုံမှန်သုံးစွဲသင့်သည့် ပမာဏထက် များစွာကျော်လွန်သုံးစွဲနေသည်ကို စစ်တမ်းများအရ သိရသည်။ ဆီစားများခြင်းသည် ကျန်းမာရေး၏ ဆိုးကျိုးများကို ဖိတ်ခေါ်နေသဖြင့် ဆီစားသုံးမှုကို လျှော့ချသင့်သည်။

**အာဟာရသိပ္ပံ၊ နိုင်ငံတကာစံနှုန်းနှင့် ဆီအမျိုးအစားများ**

အာဟာရသိပ္ပံဆိုင်ရာဆန်းစစ်ချက်အရ စားသုံးဆီများတွင်အခြေခံအားဖြင့် ကျန်းမာရေးအကျိုးသက်ရောက်မှုအပေါ်မူတည်၍ ဖွဲ့စည်းတည်ဆောက်ပုံအုပ်စု သုံးမျိုးရှိသည်။

မပြည့်ဝဆီများ (စားသုံးရန် သင့်လျော်သောဆီ) သည် ခန္ဓာကိုယ်အတွက် ကောင်းမွန်သောဆီများဖြစ်သည်။ ၎င်းတို့သည် သွေးတွင်းရှိ ကောင်းမွန်သော ကိုလက်စထရော(HDL)ကို မြှင့်တင်ပေးပြီး မကောင်းသော ကိုလက်စထရော (LDL) ကို လျှော့ချပေးသည်။ နှလုံးရောဂါနှင့် အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှ ရရှိသောအဆီများသည် မပြည့်ဝဆီအုပ်စုတွင်ပါဝင်ပြီး စားသုံးရန်သင့်လျော်သည်။

ပြည့်ဝဆီများ (လျှော့ချစားသုံးရမည့်ဆီ)သည် သွေးတွင်းရှိ မကောင်းသော ကိုလက်စထရော (LDL) ကိုလွန်ကဲစွာ မြင့်တက်စေပြီး သွေးကြောနံရံများတွင် အဆီပိတ်ခြင်း၊ သွေးကြောကျဉ်းခြင်းတို့ကို ဖြစ်ပေါ်စေကာ နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်ပွားစေသည်။ စားအုန်းဆီ၊ ဆီကြော်မုန့်များ၊ အမဲဆီ၊ ဝက်ဆီ၊ နို့နှင့် ဒိန်ခဲများသည် ပြည့်ဝဆီအုပ်စုတွင်ပါဝင်ပြီး ချင့်ချိန်စားသုံးသင့်သည်။

အသွင်ပြောင်းဆီများ (လုံးဝရှောင်ကြဉ်ရမည့်ဆီ)သည် စီးပွားဖြစ်အစားအစာများ တာရှည်ခံရန်နှင့် အနံ့အရသာကောင်းမွန်စေရန် ဆီကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ဖြင့် ပြုပြင်ရာမှ ထွက်ပေါ်လာသည်။ ၎င်းသည် ကျန်းမာရေးအတွက် အန္တရာယ်အရှိဆုံးဖြစ်ပြီး သွေးတွင်း မကောင်းသောဆီ (Triglycerides)နှင့် LDL ကို မြင့်တက်ကာ ခန္ဓာကိုယ်တွင်းရှိ ကောင်းသောဆီ (HDL) ကို ကျဆင်းစေသည်။ တွေ့ရှိရသည့် အစားအစာများမှာ အာလူးကြော်၊ ကြက်ကြော်၊ မုန့်ဖုတ်လုပ်ငန်းသုံး အဆီများဖြစ်သည့် Marg-arineနှင့် အကြိမ်ကြိမ်ပြန်ကြော်ထားသော ဆီများသည် စားသုံးရန်မသင့်သော ဆီအုပ်စုတွင် ပါဝင်သည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံနှုန်းများနှင့် နှိုင်းယှဉ်ချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အာဟာရဆိုင်ရာ လမ်းညွှန်ချက်များအရ လူတစ်ဦးသည် နေ့စဉ်ရရှိသော ကယ်လိုရီစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်မပိုသော ပမာဏသာ ပြည့်ဝဆီမှ ရယူသင့်ပြီး အသွင်ပြောင်းဆီကို တစ်ရာခိုင်နှုန်းအောက် လျှော့ချရမည်ဟု သတ်မှတ်ထားသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)သည် ကမ္ဘာတစ်ဝန်းလုံးရှိ အစားအစာများမှ စီးပွားဖြစ်ထုတ်လုပ်သော အသွင်ပြောင်းဆီများကို ရာနှုန်းပြည့်ဖယ်ရှားပစ်ရန် REPLACE strategy မဟာဗျူဟာကို ချမှတ်ထားရာ မြန်မာနိုင်ငံအနေဖြင့်လည်း ဤစံနှုန်းများကို အမီလိုက်နိုင်ရန် ဆောင်ရွက်ရမည့် အခြေအနေတွင် ရှိနေသည်။

**ကျန်းမာရေး၊ လူမှုစီးပွားနှင့် ဥပဒေကြောင်းအရ သက်ရောက်မှုများ**

ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်းကြောင့် အောက်ပါနာတာရှည်ရောဂါများဖြစ်နိုင်သည်-

နှလုံးနှင့် သွေးကြောရောဂါများ - သွေးကြောကျဉ်းပြီး နှလုံးရပ်တန့်ခြင်းနှင့် လေဖြတ်ခြင်း။

သွေးတိုးရောဂါ - သွေးကြောများ ပျော့ပျောင်းမှုမရှိတော့ဘဲ သွေးဖိအားအလွန်အမင်း မြင့်တက်လာခြင်း။

အဝလွန်ခြင်းနှင့် ဆီးချိုရောဂါ - ပိုလျှံသော ကယ်လိုရီများကြောင့် ခန္ဓာကိုယ်အဝလွန်လာပြီး အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်ပွားခြင်း။

အသည်းအဆီဖုံးခြင်း - အသည်းဆဲလ်များတွင် အဆီများစုပုံလာပြီး နောက်ပိုင်းတွင် အသည်းခြောက်ခြင်းထိ ဖြစ်နိုင်ခြင်း။

**လူမှုစီးပွားရေးအပေါ် သက်ရောက်မှု**

နာတာရှည်ရောဂါများ ကုသရသဖြင့် ဆေးဝါးနှင့် ဆေးရုံစရိတ်များ ကုန်ကျပြီး မိသားစုစီးပွားရေး ပျက်ပြားရသည်။ ဆီဝယ်ယူမှု လျှော့ချခြင်းဖြင့် နေ့စဉ်အသုံးစရိတ်ကို လျှော့ချနိုင်သည်။

ပြည်သူများ ကျန်းမာရေးမကောင်းပါက နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား ကျဆင်းနိုင်သည်။ ထို့ပြင် အစိုးရအနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် နိုင်ငံတော်၏ ငွေကြေးများစွာ ပိုမိုသုံးစွဲရသဖြင့် အခြားဖွံ့ဖြိုးရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု လျော့နည်းနိုင်သည်။

**ဈေးကွက်အတွင်း ဥပဒေကြောင်းအရ စိန်ခေါ်မှုများ**

လက်ရှိ ပြည်တွင်းစားသုံးဆီဈေးကွက်တွင် ဈေးနှုန်းသက်သာသော စားအုန်းဆီများကို မြေပဲဆီအနံ့ထည့်၍ မြေပဲဆီအဖြစ် လိမ်လည်ရောင်းချခြင်း၊ စက်မှုသုံးဆီများကို စားသုံးဆီအဖြစ် ရောနှောခြင်းနှင့် လမ်းဘေးဆီကြော်ဆိုင်များတွင် ဆီများကို အကြိမ်ကြိမ်ပြန်ကြော်သုံးစွဲခြင်း စသည်တို့အတွက် ပြည်သူများအနေဖြင့် ဥပဒေကြောင်းအရ အကာအကွယ်အပြည့်အဝရရှိသင့်သည်။

**ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမြှင့်တင်ခြင်း**

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို ကန့်သတ်အခွန်တိုးမြှင့်ပြီး ပြည်တွင်းစားသုံးဆီထုတ်လုပ်မှု အဆင်ပြေစေရေး ဆီထွက်သီးနှံ အများဆုံးစိုက်ပျိုးသည့် မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြေပဲ၊ နှမ်းနှင့် နေကြာစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများကို နိုင်ငံတော်မှ နည်းပညာနှင့် စိုက်ပျိုးစရိတ်ချေးငွေပံ့ပိုးပေးလျက်ရှိသည်။

ပြည်တွင်းဆီစက်ပိုင်ရှင်များကို ခေတ်မီဆီစက်များ ပြောင်းလဲနိုင်အောင် ကူညီပေးပြီး ကျန်းမာရေးနှင့် ညီညွတ်သော မပြည့်ဝဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများ အလွယ်တကူ ဝယ်ယူနိုင်အောင် စီစဉ်ပေးလျက်ရှိသည်။

**အစားအစာတံဆိပ်ကပ်ခြင်းနှင့် ဥပဒေကြောင်းအရ ကြပ်မတ်ခြင်း**

စားသုံးဆီဘူးများနှင့် ထုပ်ပိုးထားသော အစားအစာများပေါ်တွင် ပြည့်ဝဆီနှင့် အသွင်ပြောင်းဆီပါဝင်မှုနှုန်းကို မြန်မာဘာသာဖြင့် ရှင်းလင်းစွာ ဖော်ပြရမည်။

စားသုံးဆီ အတုအပပြုလုပ်သူများနှင့် စက်မှုသုံးဆီများကို ရောနှောရောင်းချသူများကို စားသုံးသူကာကွယ်ရေးဥပဒေနှင့် အမျိုးသားအစားအသောက်ဥပဒေတို့အရ ထိရောက်ပြင်းထန်စွာ အရေးယူမည်ဖြစ်သည်။

**ဟိုတယ်၊ စားသောက်ဆိုင်နှင့် လမ်းဘေးဈေးသည်များကို ကြပ်မတ်ခြင်း**

အပြင်စာ စားသုံးမှု မြင့်မားလာခြင်းကြောင့် စားသောက်ဆိုင်များနှင့် လမ်းဘေးမုန့်သည်များကို ဆီကို အကြိမ်ကြိမ်ပြန်မကြော်စေရန် စစ်ဆေးရေးအဖွဲ့များဖြင့် ကြပ်မတ်ခြင်း၊ ဆီကောင်းဆီသန့်သုံးစွဲသည့်ဆိုင်များကို ကျန်းမာရေးနှင့် ညီညွတ်သောဆိုင်အဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်၍ စားသုံးသူများ ရွေးချယ်နိုင်အောင် ကူညီပေးခြင်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။

**ပြည်သူ့ပညာပေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်တင်ခြင်း**

နိုင်ငံတော်အစိုးရက ပြည်သူတစ်ဦးချင်းစီ၏ ဆီစားသုံးမှုပုံစံ ပြောင်းလဲခြင်းကို ထိရောက်စွာ ကွပ်ကဲလျက်ရှိသည့်အပြင် ပြည်တွင်းဆီကဏ္ဍ မြှင့်တင်မှုများ ပေါင်းစပ်လိုက်ပါက ပြည်သူများ ရောဂါဘယများ လျော့နည်းပြီး ဆေးကုသမှု ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။ ဤသို့ဖြင့် ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ်များဖြင့် သာယာဝပြောသည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် နေ့စဉ်စားသုံးမှုတွင် ဆီကို လျှော့ချစားသုံးရန် တိုက်တွန်းရေးသားလိုက်ပါသည်။

**❖ ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီစားသုံးမှုပမာဏအရ ဆီကို တစ်နှစ်တွင် ငါးပိဿာမှ ခြောက်ပိဿာကြားသာ စားသုံးသင့်သော်လည်း မိမိတို့နိုင်ငံသားများအနေဖြင့် တစ်နှစ်တွင် ရှစ်ပိဿာကျော်ထိ စားသုံးနေသည့်အတွက် ပုံမှန်သုံးစွဲသင့်သည့်ပမာဏထက် များစွာကျော်လွန်သုံးစွဲနေသည်ကို စစ်တမ်းများအရ သိရသည်။ ဆီစားများခြင်းသည် ကျန်းမာရေး၏ ဆိုးကျိုးများကို ဖိတ်ခေါ်နေသဖြင့် ဆီစားသုံးမှုကို လျှော့ချသင့်သည်။ ❖**

**ကိုးကား**

- ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသားများ၏စားသုံးဆီစစ်တမ်းနှင့် ကျန်းမာရေးလမ်းညွှန်ချက်များ။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အသွင်ပြောင်းဆီဖယ်ရှားရေး(REPLACE strategy) လမ်းညွှန်ချက်။
- မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးဥပဒေနှင့် အမျိုးသားအစားအသောက်ဥပဒေ။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း | - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - ၀၉-၆၈၈၈၈၃၅၅၈ |

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၃၆၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဆားလင်းကြီး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၃၆၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၃၆၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ကုလားပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## အုတ်တွင်းမြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၁၉၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၉၆ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ်ရှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

ကိုညို







## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်း(၂)ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| (က) | မြင်စိုင်းခန်းမပြုပြင်ခြင်း | ၁၃၉'-၆" x ၃၆' | Lot(1) |
| (ခ) | မြို့မဈေးအထည်ဈေးရုံဆိုင်ခန်းများ ပြန်လည်ဆောက်လုပ်ခြင်း | ၉၀' x ၆၀' Steel Structure (၁)ထပ် | Lot(2) |

လျှောက်လွှာစတင်ရောင်းချရက် - ၁၇-၉-၂၀၂၆
တင်ဒါနောက်ဆုံးတင်သွင်းရက် - ၃၀-၉-၂၀၂၆
တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအသိပေးသွားပါမည်
လျှောက်လွှာဝယ်ယူရမည့်နေရာ - ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
ဖုန်း ၀၉-၂၁၇၄၃၂၄
၀၉-၂၀၂၀၃၆၂
၀၉-၅၀၇၄၈၉၃

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အထက-အုန်းချော၊ Grade-9(A)တွင် ပညာသင်ကြားနေသော မောင်ဟန်ဘုန်းမြတ်(၅၃၁၀)၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ဟိန်းဝေယံသော်** ဖြစ်ပါကြောင်း။ **မောင်ဟိန်းဝေယံသော်**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ နယ်မြေ ၁/ မင်းရပ် ရပ်ကွက်နေ ဂျူမြတ်ချယ် (ဘ) ဦးကျော်ဆန်းဝင်း(၇/လပတ(နိုင်)၁၈၃၅၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-671550052**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘက) အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မရင်နှယ်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကြီးလှိုင်** ဖြစ်ပါကြောင်း။ **ဦးကြီးလှိုင် (၈/ခမန(နိုင်)၂၃၈၈၀၇)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး (ဘက)အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိန်ငွေး၏ သမီး မသီတာထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ **၁၉-၁၁-၂၀၁၀** ဖြစ်ပါကြောင်း။ **မသီတာထွန်း၊ ၁၉-၁၁-၂၀၁၀**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ EVER TOP ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်လွင်ဦး၏သမီး မနန်းမို့မို့လွင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **၁၈-၅-၂၀၀၉** ဖြစ်ပါကြောင်း။ **မနန်းမို့မို့လွင်၊ ၁၈-၅-၂၀၀၉**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘက-၁(မဟာဂန္ဓာရုံ)တွဲဖက်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွဋ်ထွဋ်ဦး၏သား မောင်ရဲလင်းထွဋ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ရဲလင်းထွဋ်ဦး** ဖြစ်ပါကြောင်း။ **မောင်ရဲလင်းထွဋ်ဦး**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ဘုန်းစွမ်းပြည့်စုံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဖေသက်ကို** ဖြစ်ပါကြောင်း။ **ဦးဖေသက်ကို(၅/မမတ(နိုင်)၀၀၁၁၃၂)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းမြင့်ဝေ၏သား မောင်ချစ်သုမောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ချစ်ယုမောင်** ဖြစ်ပါကြောင်း။ **မောင်ချစ်ယုမောင်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး (ဘက)အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်သီဟပြည့်စုံရ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသူရသည်းမောင်အေးချမ်းပြည့်စုံရ** ဖြစ်ပါကြောင်း။ **ဦးသူရသည်းမောင်အေးချမ်းပြည့်စုံရ (၉/မရမ(နိုင်)၀၉၂၇၃၉)**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး (ဘက)အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန့်ဇင်ဦး၏သမီး မငြိမ်းစုကျော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မငြိမ်းဆုကျော်** ဖြစ်ပါကြောင်း။ **မငြိမ်းဆုကျော်**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘက) အထက်တန်းကျောင်း၊ Grade-12 တွင်ပညာသင်ကြားနေသော မောင်ကြယ်စင်ကိုကို၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်မိမိခိုင်** ဖြစ်ပါကြောင်း။ **ဒေါ်မိမိခိုင်(၅/မမတ(နိုင်)၀၀၀၆၁၅)**

## အဖိုးတန်ရေချိုကို ချွေတာပါ

# စက်သုံးဆီအရောင်းဆိုင်များတွင် QR Code၊ Barcode ဖြင့် Scan ဖတ်ရောင်းချရာတွင် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုမရှိသည့် အရောင်းဆိုင်များကို စိစစ်အရေးယူ



စက်သုံးဆီအရောင်းဆိုင်များတွင် QR Code၊ Barcode ဖြင့် Scan ဖတ်ရောင်းချနေမှုများကို Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်များ၏ QR Code၊ Barcode ကို Scan ဖတ်၍ ရောင်းချရသည့်ပမာဏကို အခြေခံ၍ စက်သုံးဆီဝယ်ယူခွင့်(PO)များ ခွဲဝေပေးခြင်း၊ ထပ်မံလိုအပ်လာပါကလည်း စိစစ်ခွင့်ပြုပေးခြင်းနှင့် ယင်းသို့ရောင်းချနေမှုအခြေအနေများကိုလည်း Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

QR Code၊ Barcode ဖြင့် Scan ဖတ်ရောင်းချမှုများကို မှန်ကန်မှုရှိစေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များသို့

စာမျက်နှာ ၂၁ ကော်လံ ၁ ✱

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့်ဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး အပြေပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁ ◆



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ

## အရှေ့တောင်အာရှသို့ ကုန်သွယ်ရေး အတိုဆုံးလမ်းကြောင်းဖြစ်သည့် ပင်းလူတူးမြောင်းဖွင့်လှစ်

စာမျက်နှာ - ၆




## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၁၈ ကော်လံ ၁ ●




## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ Online အသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦး၊ မြန်မာနိုင်ငံသား ၁၇ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ Online အသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦး၊ မြန်မာနိုင်ငံသား ၁၇ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေအရှေ့ရပ်ကွက် လမ်း ၈၀၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရှိ နေအိမ်တွင် နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများသည် Online အသုံးပြု၍ ကျောက်မျက်ရတနာများကို လိမ်လည်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများက သတင်းပေးပို့တိုင်ကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါနေအိမ်ကို

စာမျက်နှာ ၂၃ ကော်လံ ၁ ■